ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၇) ရက်၊ တနင်္ဂနွေနေ့ ၊ (9-7-2023) ၊ အင်္ဂါ (၃၂) ၊ အမှတ် (၁၇၀)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နည်းပညာဌာန၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ရူလိုင် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနည်းပညာဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းလေကြောင်းလိုင်းများ၊ လေဆိပ် Operator များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဟံသာဝတီအဝိုင်းအနီးရှိ

စာမျက်နှာ ၁၆ ကော်လံ ၁ ၂၃

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ (၅၇)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်

နေပြည်တော် ရူလိုင် ၈

(၅၇) ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ဇူလိုင် ၆ ရက်က အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေများကြောင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ ယာယီရပ်နားထားရာမှ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှု၊ ကုသရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် မြန်မာနိုင်ငံသားဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူးများက ဦးဆောင်၍ တာဝန်ခံဆရာဝန်ကြီးများ၊သူနာပြုများ ပူးပေါင်းပါဝင်သည့်ဆေးအဖွဲ့သည် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ၌

စာမျက်နှာ ၁၇ ကော်လံ ၁ ❑

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုပဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ရတနာပုံ
၂၀၂၃ ခုနှစ် နိုလိုင် ၉ ရက်
အယ်ဒီတာအာဘော်

တပည့်များ ပညာပြည့်ဝ နလုံးလှအောင်

စာသင်ကြားနေသူ၊ ဘွဲ့ရပညာတတ်ဖြစ်ပြီးသူတို့၏ဘဝတွင် ငယ်စဉ်ကတည်းက သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမပေါင်းများစွာ ရှိနေပါလိမ့်မည်။ ဆရာ၊ ဆရာမတို့၏ နေ့စဉ်သင်ကြားပို့ချပေးခဲ့မှုအပေါင်းကြောင့် လောကအလယ်တွင် ပညာတတ်များအဖြစ်သို့ ရောက်ရှိကြရခြင်းဖြစ်ကြပေရာ ဆရာ၊ ဆရာမတို့၏ ဂုဏ်ကျေးဇူးသည် အလွန်ပင်ကြီးမားလှပါသည်။

ဆရာ့ဂုဏ်ကျေးဇူးကြီးမားပုံနှင့်ပတ်သက်၍ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က "ဆရာဝေါဟာရနှင့် ဆရာ့ဂုဏ်"ဟူသော ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါးတွင် "ဆရာဟူသည် အနန္တငါးပါးစလုံး အကျိုးဝင်သည့်သဘောဆောင်နေသည်"ဟု ဆိုရပါလိမ့်မည်။ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးတွင် သတ္တမမြောက်ဂုဏ်တော်ဖြစ်သော "သတ္တာဒေဝမနုဿာနံ"သည် လူ၊ နတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားဟု အဓိပ္ပာယ်ရသည်။ ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ မိန့်မှာသောစကားတော်များတွင် "ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ငါဟောကြားတော်မူသော တရားတော်များသည် သင်တို့ကို တရားအဖြစ်ဆုံးမလမ်းညွှန်လိမ့်မည်"ဟု အဓိပ္ပာယ်သက်ရောက်သော စကားလည်းပါသည့်အတွက် တရားတော်သည်လည်း ဆရာဖြစ်သည်။ သံဃာတော်များသည်လည်း ဒါယကာ၊ ဒါယိကာမတို့၏ ကိုးကွယ်ရာ ဆရာများဖြစ်သည်။ သံဃာတော်နှင့် ကျွမ်းဝင်သူများကိုလည်း "ဆရာရင်း၊ ဒကာရင်း"ဟု သုံးပုံကိုလည်း တွေ့ရသည်။ ထို့အတူ လက်ဦးဆရာ မည်ထိုက်စွာသားပုဇွာစရိယ မိနှင့်ဖ ဟူသောစကားနှင့်အညီ မိဘသည်လည်း သားသမီးတို့၏ ဆရာပင်ဖြစ်သည်။ ထို့ကြောင့် ဆရာသည် အနန္တငါးပါးစလုံး အကျိုးဝင်သော ဂုဏ်ရှိသည့်ပုဂ္ဂိုလ်ဖြစ်သည်ဟု ဆရာများ၏ ဂုဏ်ကျေးဇူးအကြောင်းကို ရေးသားထားသည်။

ဆရာကောင်း၊ ဆရာမြတ်မှန်သမျှသည် မိမိ၏တပည့်များကို တော်စေ၊ တတ်စေ၊ ထူးချွန်ထက်မြက်နေသူများဖြစ်အောင် သင်ကြားပို့ချဆုံးမလမ်းညွှန်ကြစမြဲဖြစ်သည်။ ထူးချွန်ထက်မြက်သည့် တပည့်ကောင်းများဖြစ်ရန်အတွက် ပညာသင်ယူနေသူများ၊ ကျောင်းသား၊ ကျောင်းသူ တပည့်များသည် မိမိကိုယ်ကို ယုံကြည်စိတ်၊ အောင်မြင်လိုစိတ်များမွေးမြူ၍ ကြိုးစားရပေမည်။ သင်ကြားပေးမှုအပေါင်းကို နားလည်အောင် ပြန်လည်အသုံးချနိုင်အောင် လေ့ကျင့်ထားရပေမည်။ သင်ကြားပေးသည့် သင်ခန်းစာများကို လွယ်ကူရှင်းလင်းစွာ နားလည်အောင် အရေးကြီးသောအချက်အလက်များ ပြည့်စုံပြီး ကျစ်လျစ်သောမှတ်စုမှတ်ရာများ ရေးသားထားနိုင်ရမည်။ ထို့ပြင် စာမေးပွဲနှင့် လက်တွေ့လုပ်ငန်းခွင်ဆိုင်ရာများကို ပွဲမဝင်ခင် ပြင်ကကျင်းပ ဆိုသည့်အတိုင်း ကြိုတင်အစမ်းလေ့ကျင့်မှု မပျင်းမရိဆောင်ရွက်နိုင်ရပေမည်။ ကျက်မှတ်လေ့လာသည့်အခါတိုင်း အလွယ်တကူပြန်မှတ်မိစေရန် အတိုကောက်မှတ်နည်း၊ လက်ဘွဲ့မှတ်နည်း၊ ပုံပြမှတ်နည်း စသည့် နည်းလမ်းများ ကျင့်သုံးသင့်ပေသည်။ ညံ့ဖျင်းသောဘာသာရပ်၊ အားနည်းသောအလုပ်ကိစ္စတို့ကို မိမိအားနည်းချက်အပေါ် သင်ခန်းစာယူပြီး ရဲရင့်တက်ကြွ ရင်ဆိုင်ကြိုးစားတတ်သည့် စိတ်ဓာတ်ကောင်းမွေးမြူထားရှိရပေမည်။

သို့ဖြစ်ရာ ထူးချွန်ထက်မြက်သည့် တပည့်ကောင်းများဖြစ်အောင် ဆရာများက ပညာလက်ဆင့်ကမ်းရာတွင် လက်ရှိသင်ကြားပေးနေသော ပညာရပ်ဆိုင်ရာအချက်အလက်များ လက်ဆင့်ကမ်းရုံမျှထက် ပညာရပ်များအပေါ် တပည့်အပေါင်းတို့က ဆက်လက်စူးစမ်းလေ့လာလိုစိတ်၊ တွေးမြင်သစ်များဖြင့် ရှုမြင်စိတ်များ တိုးပွားလာသည်ထိ လေ့ကျင့်ပေးသင့်ပါသည်။ ထိုမှသာ တပည့်အပေါင်းတို့သည် မိမိလေ့လာဆည်းပူးခဲ့သော ပညာအပေါ် တန်ဖိုးထားလေးစားစိတ်ကို အကြောင်းပြု၍ မိမိကိုယ်ကို လေးစားသောစိတ်ဓာတ်နှင့်အတူ ပညာပြည့်ဝ နလုံးလှသူများအဖြစ် ဆရာများ၏ ဂုဏ်ကျေးဇူးကြောင့် လောကအလယ်တွင် ရပ်တည်လာနိုင်ပေလိမ့်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့်အောင်ပန်းတို့မှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

မန္တလေး နိုလိုင် ၈

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဒေသတို့မှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်နှင့် အောင်ပန်းဒေသတို့မှထွက်ရှိသည့် ဂေါ်ဖီထုပ်များ လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား သုံးစီးမှ လေးစီး၊ ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုအခါ ဂေါ်ဖီထုပ်ဈေးနှုန်းမှာ ဂေါ်ဖီထုပ် တစ်ထုပ်လျှင် ငွေကျပ် ၁၂၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ် အဓိကစိုက်ပျိုးတဲ့ တောင်ပေါ် ဒေသဘက်တွေကပဲ ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထုပ်ထွက်ရှိတာ မရှိသေးပါဘူး။ ဈေးကတော့ အသင့်အတင့်ကောင်းပါတယ်။ အရောင်းအဝယ်ပိုင်းမှာလဲ ကောင်းပါတယ်။ လက်ရှိမှာ ဈေးကို ဂေါ်ဖီထုပ်ကားတွေအနေနဲ့ ခြောက်ဘီးကား၊ ၁၂ ဘီးကားတွေနဲ့ ပုံမှန်ဝင်ရောက်ပါတယ်" ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ဂေါ်ဖီထုပ်ဈေးကောင်းရနေသည့်အပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွား၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါး၊ ပန်းမုန်လာတို့လည်း ဈေးကောင်းများဖြင့်ရောင်းချနေရကြောင်း သိရသည်။ (၁၈၅)

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်

မန္တလေး နိုလိုင် ၈

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရွပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၈၁၁၃၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ဒီနေ့မှာ နယ်စုံဒေသက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ စောင်းတန်းကကော ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးဦးရေတိုးပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ မြွေကြီးနှစ်ကောင်ဘက်မှာလဲ ကြည့်ရှုလေ့လာသူတွေနဲ့ စည်ကားနေပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပတွေကိုလဲ ဘုရားဖူးတွေကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၂၃ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရွပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၇၈၉၇၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရွပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၅၄၄ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

ရောဝတီမြစ်အတွင်း ဒုတိယမြစ်ကျဉ်းတွင် ရေဝဲများ ဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ အထူးဂရုပြုသွားလာရန်လိုဟုဆို

မန္တလေး နိုလိုင် ၈

ရောဝတီမြစ်အတွင်း ဒုတိယမြစ်ကျဉ်းတွင် ဧလိုင်လ ပထမပတ်မှစ၍ ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ အထူးဂရုပြုသွားလာရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ရောဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သည့်အတွက် မန္တလေးဆိပ်ကမ်းများမှ ခရီးသည်တင် ရေယာဉ်များအပါအဝင် ကုန်တင်ရေယာဉ်များအနေဖြင့် ဗန်းမော်ဘက်သို့သွားလာရာတွင် ဒုတိယမြစ်ကျဉ်းဖြစ်သည့် ရွှေကူမြို့နယ် ရောဝတီမြစ်အတွင်း ရေဝဲများ ဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ တိမ်းမှောက်မှု မဖြစ်စေရန် အထူးဂရုပြုသွားလာရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"ဧလိုင်လ ပထမပတ်ကစပြီး ရောဝတီမြစ်အတွင်း မြစ်ရေတော်တော်လေး များလာပါတယ်။ မန္တလေးဘက်ကတော့ ရေတက်တာမသိသာပေမဲ့ အထက်ဘက်ဖြစ်တဲ့ ဒုတိယမြစ်ကျဉ်းနေရာမှာ ရေတော်တော်လေး များနေပါတယ်။ ရေများချိန်ကာလဖြစ်တာကြောင့် ဒုတိယမြစ်ကျဉ်းမှာ ရေဝဲတွေဖြစ်ပေါ်နေပါတယ်။ ရေဝဲနေရာတွေထဲကို ရေယာဉ်တွေဝင်မိရင် တော်တော်လေး အန္တရာယ်များပါတယ်" ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ ရောဝတီမြစ်ကြောင်း တစ်လျှောက် မန္တလေးဆိပ်ကမ်းများမှ ဗန်းမော်ဘက်သို့သွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်တစ်စုံတစ်ရာမဖြစ်စေရေး မေလအတွင်းက စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန်လိုအပ်ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူးဦးစီးဌာန၏ ယနေ့နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၇၂၄ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၈၈၁ စင်တီမီတာ၊ ရွှေကူမြို့တွင် ၇၃၄ စင်တီမီတာ၊ ကသာမြို့တွင် ၇၈၈ စင်တီမီတာ၊ သပိတ်ကျင်းမြို့တွင် ၉၅၄ စင်တီမီတာ၊ မန္တလေးမြို့တွင် ၈၀၉ စင်တီမီတာထိရှိကြောင်းသိရသည်။

(၁၈၄)

ထုတ်ဝေဌာန်အမှတ်-၀၀၃၂၄၊ ပုံနိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၀၁၀၉-၄၅၈၈၉၃၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၄၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အိုးရာစောလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနိပ်ထုတ်ဝေသည်။

မင်းဘူးမြို့နယ်၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

မင်းဘူး ဧရိယာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်မန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ တောင်မန်းကျေးရွာ၌ အိမ်သွယ်ရေတိုင်ဆောင်ရွက်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ပေ ၄၃၄၃၀ အိမ်သွယ်ရေတိုင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ ဒသမ ၇၇၇ သန်းဖြင့် Silver Net ကုမ္ပဏီက ယခုနှစ် ဇွန် ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက တောင်မန်းကျေးရွာရှိ အိမ်ခြေ ၄၁၈ အိမ်၊ လူ ၂၂၆၅ ဦးတို့အတွက် အကျိုးပြုသွားမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

စင်မာ

မန္တလေး ချမ်းမြသာဧည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝီတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးအုန်းမြင့်ကျော်–ဒေါ်ထက်ထက်ဝေ ရွှေနိုးစံရောင်းဝယ်ရေးမိသားစုက မဆရမ်းမြေ့မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဦးညွန့်သန်းက လက်ခံရယူစဉ်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၂၃ ကေ စိုက်ပျိုးသွားမည်

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ပေတော ဧရိယာ ၈

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၂၃ ကေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးလျာထား ၁၄၃၀၂၃ ကေကို ယခုနှစ် ဧပြီလ ၃ တိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့က ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါး ၁၄၃၀၂၃ ကေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မိုးစပါးတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ မိုးစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ ပြင်ဆင်ထားပြီးပြီ။ ဒါမှလဲ ရိတ်သိမ်းတဲ့အခါ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းတဲ့ စပါးတွေ ထွက်ရှိမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးများ လျာထားချက်ပြည့်မီစေရန် မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များရှာဖွေခြင်း၊ စပါးအထွက်နှုန်းကောင်းစေရန် နည်းပညာများပို့ချပေးခြင်းလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီက နွေစပါး ၇၆၀၇ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး ဧပြီလ အတွင်းက နွေစပါးအားလုံး ပြန်လည်ရိတ်သိမ်းခဲ့ရာ တစ်ကေလျှင် ပျမ်းမျှ ၉၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ကျော်ကျော်လင်း

သပိတ်ကျင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

သပိတ်ကျင်း ဧရိယာ ၈

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြိုင်သာယာကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက လုပ်ငန်းအဖွဲ့ဝင်များ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ပြောကြားသည်။

ထို့နောက် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်

ကွန်ဟိန်းမြို့နယ် သိန်းဖျံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

ကွန်ဟိန်း ဧရိယာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ သိန်းဖျံကျေးရွာနှင့် ထမ်ငေါ့ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက သိန်းဖျံကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက သိန်းဖျံကျေးရွာနှင့် ထမ်ငေါ့ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၃ ဒသမ ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သိန်းဖျံကျေးရွာနှင့် ထမ်ငေါ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၃ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရိုသန်းညွန့်

ကမ္ဘာတွင်ထင်ရှားသော မြန်မာ့ပဲ

မျိုးသူ(ကုန်သွယ်မြှင့်)



ပဲများ၏ နောက်ခံသမိုင်း

ပဲများကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် လူတို့ စိုက်ပျိုးထုတ်လုပ်စားသောက်ခဲ့ကြသည်။ အီဂျစ်၏ ပိရမစ်များတွင် Lentils ပဲစိုက်ပျိုးထုတ်လုပ်ပုံကိုတွေ့ရသည်ဟုသိရသည်။ ထို့ပြင် ဆွစ်ဇာလန်နိုင်ငံ၏ရွာများတွင်လည်း ကျောက်ခေတ်မှ ပဲကျောက်ဖြစ်ရှိပ်ကြွင်းများ ရှာတွေ့ခဲ့သည်ဟု သိရသည်။ ဘူမိဗေဒအထောက်အထားများအရ မက္ကဒီတာရေးနီးရန်းအရှေ့ပိုင်းနှင့် မက်ဆိုပိုတေးမီးယားဒေသတို့တွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ခန့်က တွေ့ခဲ့ကြပြီး အင်္ဂလန်တွင် ၁၁ ရာစုခန့်က စတင်တွေ့ရှိခဲ့သည်ဟု သိရသည်။ ယခုခေတ်တွင် ပဲမျိုးပေါင်း ၁၈၀၀ ကျော်ရှိသည်ဟု သိရသည်။ တရုတ်တို့သည် ပဲသီး၊ ပဲစေ့ကို ဘီစီ ၂၀၀၀ ခန့်ကပင် စားသောက်အသုံးပြုခဲ့ကြကြောင်း သိရသည်။

မြန်မာ့ပဲ

မြန်မာနိုင်ငံတွင် ပဲအမျိုးမျိုးကို ရှေးယခင်ကပင် အများအပြားစိုက်ပျိုးထုတ်လုပ် စားသုံးခဲ့ကြသည်ကို တွေ့ရသည်။ ပျို့၊ ကဗျာ၊ လင်္ကာ စသည်တို့တွင်လည်း ပဲနှင့်ပတ်သက်သည့်အသုံးအနှုန်းများ ပါဝင်ခဲ့သည်ကို တွေ့ရသဖြင့် ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ပဲကို စိုက်ပျိုးစားသုံးခဲ့ကြသည်ဟု သိရသည်။ ၁၈၈၅ ခုနှစ်တွင် အောက်မြန်မာပြည်သို့ ကူးသန်းရောင်းဝယ်ကြသည့်ပဲများ၏ ဈေးနှုန်းများမှာ ပဲကြီး တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၀၊ ကုလားပဲ တင်း ၁၀၀ လျှင် ငွေကျပ် ၁၄၀၊ ပဲတီစိမ်း တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၊ မတ်ပဲ တင်း ၁၀၀ လျှင် ငွေကျပ် ၁၄၀၊ စသည်ဖြင့် ဖော်ပြထားကြောင်းသိရသဖြင့် ထိုခေတ်ထိုအချိန်ကတည်းကပင် ပဲမျိုးစုံကို မြန်မာနိုင်ငံတွင် ရောင်းဝယ်နေကြသည်ဟု ဆိုနိုင်သည်။

မတ်ပဲ၏မျိုးရင်းသည် အိန္ဒိယနိုင်ငံမှဟု သိထားကြသော်လည်း မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် စိုက်ပျိုးခဲ့သည်ကို သတိပြုနိုင်သည်။ ထို့နောက် အင်္ဂလိပ်ကိုလိုနီခေတ်(၁၉၂၇-၁၉၂၈ ခုနှစ်) ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမှာ ၁၃၄၈၃၄၂ ကေရှိသည်ဟုဆိုသည်။ ကိုလိုနီခေတ်တွင်လည်း ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုသည် အဆင့်ဆင့်ကာလအလိုက် တိုးတက်လာခဲ့ပြီး ထိုကာလတွင် စိုက်ကေတစ်သန်းကျော်ရှိရာမှ ဒုတိယကမ္ဘာစစ်ဖြစ်သည့်ကာလတွင် စိုက်ကေများ အလွန်အမင်းကျဆင်းသွားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပဲမျိုးစုံစိုက်ကေမှာ ၆၀၀၀၀၀ ကျော်သာရှိသည်ဟု သိရသည်။ ၁၉၄၇-၁၉၄၈ ခုနှစ်တွင် စိုက်ကေမှာ ၉၀၀၀၀၀ ကျော်သို့ ပြန်ရောက်လာသည်။ ထိုအချိန်က အများဆုံးစိုက်ပျိုးသောပဲများမှာ ကုလားပဲ၊ ပဲဖြူကလေး၊ ပဲကျား၊ ပဲကြီး၊ ထောပတ်ပဲ၊ စားတော်ပဲ၊ ပဲစင်းငုံတို့ဖြစ်ကြသည်ဟု သိရသည်။ ယခုအခါ ပဲမျိုးစုံကို အများအပြားစိုက်ပျိုးလျက်ရှိသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၉၉၈၂၃၄၅ ကေစိုက်ပျိုးခဲ့ပြီး ၅၂၃၉၂၇၃ တန် ထွက်ရှိခဲ့ကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံမျိုးစုံကို ယခင်ကတည်းကပင် စိုက်ပျိုးကြသော်လည်း ၁၉၃၀ ပြည့်နှစ်မှစ၍ မအူပင်ခရိုင်တွင် စပါးစိုက်ပျိုးပြီးလယ်များတွင် ရိတ်သိမ်းပြီးနောက် ပဲအမျိုးမျိုးကို စတင်စိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးကေ ၁၀၀၀၀ ခန့်ရှိကြောင်းသိရသည်။ ထိုအချိန်မှစ၍ ရာသီဥတု၊ ရေမြေအခြေအနေပေးသောဒေသများတွင် တစ်နှစ် နှစ်သီး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့ကြသောသီးနှံများမှာ ပဲမျိုးစုံဖြစ်သည်။

ရွေးခေတ်ပဲမျိုးစုံပြည်ပတင်ပို့မှုများ

၁၉၂၀-၁၉၂၂ ခုနှစ်တွင် ပဲမျိုးစုံကို ပြည်ပသို့ တန်ချိန် ၁၃၀၀၀၀၊ ၁၉၂၂-၁၉၂၃ ခုနှစ်တွင် တန်ချိန် ၁၁၀၀၀၀၊ ၁၉၃၂-၁၉၃၃ ခုနှစ်တွင် တန်ချိန် ၁၀၀၀၀၀၊ ၁၉၄၀-၁၉၄၁ ခုနှစ်တွင် တန်ချိန် ၉၀၀၀၀ ကျော် တင်ပို့ကြောင်း သိရသည်။ ထိုစဉ်က နိုင်ငံခြားသို့ တင်ပို့ခဲ့သောပဲများမှာ ထောပတ်ပဲ၊ မတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ဗိုလ်ကိတ်ပဲ၊ ပဲယင်းနှင့် ပဲရာဇာတို့ဖြစ်ကြောင်း သိရသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက တစ်နှစ်လျှင် တန်ချိန် ၁၀၀၀၀၀ ကျော် တင်ပို့ခဲ့ရာတွင် ၇၀ ရာခိုင်နှုန်းမှာ အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

ပဲမျိုးစုံပြည်ပတင်ပို့မှုကိုကြည့်လျှင် ၁၉၆၂-၁၉၆၃ ခုနှစ်တွင် တန်ချိန် ၁၂၆၀၀၀၊ ၁၈၇၀-၁၈၇၁ ခုနှစ်တွင် တန်ချိန် ၅၈၀၀၀၊ ၁၉၈၀-၁၉၈၁ ခုနှစ်တွင် တန်ချိန် ၇၀၀၀၀၊ ၁၉၈၇-၁၉၈၈ ခုနှစ်တွင် တန်ချိန် ၇၂၀၀၀ ကျော်တင်ပို့ခဲ့သည်ကို တွေ့ရသည်။ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် တန်ချိန် ၁၉၄၀၀၀၊ ၁၉၉၂-၁၉၉၃ ခုနှစ်တွင် တန်ချိန် ၄၄၉၀၀၀၊ ၁၉၉၅-၁၉၉၆ ခုနှစ်တွင် တန်ချိန် ၅၇၈၀၀၀ တင်ပို့ခဲ့သည်ကို တွေ့ရသည်။

ယခုခေတ်ပဲမျိုးစုံတင်ပို့မှုများ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁၄၇၀၀၀၀၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၅၅၅၀၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၅၆၉၀၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄၉၇၀၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၂၄၂၀၀၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄၂၄၀၀၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၃၀၇၀၀၀၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၆၄၀၀၀၀၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၆၀၆၃၇၆၂ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ပဲမျိုးစုံတင်ပို့မှုနှင့်ပတ်သက်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်စာရင်းများအရ ၂၀၂၉၆၉၅ တန်ထိ ရှိလာသည်။ ၁၉၂၀ ပြည့်နှစ်မှ စတင်ကြည့်လျှင်ပင် မြန်မာနိုင်ငံမှ ပဲမျိုးစုံကို ပြည်ပတင်ပို့ခဲ့သည်မှာ နှစ်ပေါင်း ၁၀၃ နှစ်ထိရှိလာပြီဖြစ်သည်။

မတ်ပဲပြည်ပတင်ပို့မှု

မတ်ပဲနှင့်ပတ်သက်ပြီး လေ့လာကြည့်ရာတွင် ၁၉၆၂-၁၉၆၃ ခုနှစ်တွင် စိုက်ကေမှာ ၂၀၄၁၃၂ ကေ၊ အောင်ကေမှာ ၁၇၈၃၁၄ ကေရှိပြီး တစ်ကေအထွက်နှုန်းမှာ ၇ ဒသမ ၉၄ တင်းရှိသဖြင့် ၁၄၁၅၈၁၃ ဒသမ ၁၆ တင်းထွက်ရှိကြောင်း သိရသည်။ နောင် နှစ်ပေါင်း ၃၀ ရှိသည့် ၁၉၉၂-၁၉၉၃ ခုနှစ်တွင် စိုက်ကေသည် လေးဆမျှတိုးတက်လာပြီး ကေအားဖြင့် ၈၀၃၃၆၅ ကေရှိလာသည်။ အောင်ကေမှာ ၇၆၃၈၃၄ ကေဖြစ်ကာ တစ်ကေအထွက်နှုန်းမှာ ၉ ဒသမ ၀၅ တင်းဖြစ်ပြီး ၆၉၁၂၆၉၇ ဒသမ ၇ တင်းထွက်ရှိသည်ကို တွေ့ရသည်။ ၁၉၆၂- ၁၉၆၃ ခုနှစ်ထက် အထွက်နှုန်းတွင်လည်း တိုးတက်လာသည်ကို တွေ့ရသည်။ မတ်ပဲစိုက်ကေတိုးတက်ရသည့် အကြောင်းရင်းမှာ ပြည်ပတင်ပို့ရသည့်အတွက်ဖြစ်သည်။ မတ်ပဲကို မြန်မာနိုင်ငံတွင်စိုက်ပျိုးသည့်ရည်ရွယ်ချက်မှာ ပြည်ပတင်ပို့ရန်အတွက်သာဖြစ်ပြီး ပြည်တွင်းစားသုံးမှုအနည်းငယ်သာရှိသည်။ ၁၉၉၂- ၁၉၉၃ ခုနှစ်တွင် တိုင်းနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမှု များကိုကြည့်လျှင် ရောဝတီတိုင်းတွင် ကေ ၄၂၄၇၇၀၀၊ ပဲခူးတိုင်းတွင် ၂၉၄၅၅၀၄ ကေရှိသည်။ ထိုစဉ်ကတည်းကပင် ရောဝတီတိုင်းနှင့် ပဲခူးတိုင်းတို့သည် မတ်ပဲကို အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရသည်။ မတ်ပဲကို ရှေးက ဂျပန်နှင့် စင်ကာပူစျေးကွက်သို့ အဓိကရောင်းချခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်များတွင် မတ်ပဲကို အလုံးအကြီး၊ အလတ်၊ အသေးဟုအဆင့်များခွဲခြားပြီး ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် စင်ကာပူနိုင်ငံတို့သို့ ရောင်းချကြောင်း သိရသည်။

ထိုစဉ်က အိန္ဒိယသို့ မတ်ပဲအလတ်စ(Matpe Fair Quality-FQ) ၂ ဒသမ ၇၅ စင်တီမီတာဆိုက်ဆန်ခါတင်ပဲများကို အများအပြားရောင်းချခဲ့ရသည်။ မတ်ပဲကို ၁၉၉၂- ၁၉၉၃ ခုနှစ်တွင် တန်ချိန် ၁၄၈၁၀၀ တန် ရောင်းချခဲ့ရသည်။ မတ်ပဲအထူးတန်းကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၊ ပထမတန်းစားကို အမေရိကန်ဒေါ်လာ ၃၀၀ ရရှိသည်ဟုသိရသည်။ ယခုအခါတွင် မတ်ပဲသည် မြန်မာ့ပဲမျိုးစုံ၏ ထိပ်ဆုံးကပင်ဖြစ်သည်။ မတ်ပဲကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စိုက်ကေ ၂၃၂၉၁၆၅ ကေစိုက်၍ အထွက်နှုန်းမှာ တန်ချိန် ၁၃၅၅၇၂၀ ရှိပြီး ပြည်ပတင်ပို့မှုမှာ ၅၉၆၆၅၇ တန်ရှိသည်။ ထို့ကြောင့် ပဲမျိုးစုံတင်ပို့မှု၏ ၃၇ ရာခိုင်နှုန်းထိရှိသည်ကို တွေ့ရသည်။ မတ်ပဲတင်ပို့မှုသည် ပဲမျိုးစုံတင်ပို့မှုတွင် အလွန်အရေးပါသည့် အတွက် ပဲမျိုးစုံကို အိန္ဒိယနိုင်ငံအပြင် အခြားနိုင်ငံများသို့ပါတင်ပို့နိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းရန် အလွန်အရေးကြီးသည်။

ကမ္ဘာ့ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု အလားအလာနှင့် မြန်မာနိုင်ငံ

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိကာလတွင် ကမ္ဘာ့ပဲစျေးကွက်တိုးတက်မှုနှုန်း ငါးရာခိုင်နှုန်းရှိသည်ဟုသိရသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိ ကာလအတွင်း၌ ကမ္ဘာ့ပဲစျေးကွက် ထပ်မံတိုးတက်လာရန်မျှော်မှန်းထားသည်။ ကမ္ဘာ့စျေးကွက်ကို အဓိကတွန်းအားပေးသောအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အသားတင်ဝင်ငွေ တိုးလာခြင်း၊

(ခ) လူဦးရေတိုးလာခြင်း၊

(ဂ) ပဲစားသုံးခြင်းသည် ကျန်းမာရေးအကျိုးကျေးဇူးရှိကြောင်းပိုမိုသိရှိလာကြခြင်း၊

(ဃ) စျေးကွက် တိုးတက်လာစေရေးအတွက် အစိုးရများက ပံ့ပိုးကူညီမှုများပြုလုပ်လာနိုင်ဖွယ်ရှိခြင်း။

ကမ္ဘာ့ပဲစျေးကွက်ကို တွန်းအားပေးမောင်းနှင်နေသော အဓိကအလားအလာတစ်ခုမှာ ပဲမျိုးစုံကို ကုန်ကြမ်းအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသောအစားအသောက်အဖြစ် ထုတ်လုပ်တင်ပို့ခြင်းများ တိုးတက်လာနိုင်သည်။ ကမ္ဘာ့ပဲစျေးကွက်တွင် အာရှနှင့်ပစိဖိတ်ဒေသသည် ဦးဆောင်ထုတ်လုပ်သည့်ဒေသဖြစ်သည်။ မြောက်အမေရိက၊ ဥရောပ၊ လက်တင်အမေရိက အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကနိုင်ငံများသည်လည်း တိုးတက်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စျေးကွက်အတွက် အခြားအဓိကကျသောနိုင်ငံများဖြစ်သည်။

ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ကုန်သွယ်မှုတွင် ထင်ရှားသော အဓိကပဲများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲ၊ ပဲရာဇာတို့ဖြစ်သည်။ ထို့ပြင် ပဲပုပ်နှင့် ပဲရာဇာကိုလည်း တိုးချဲ့စိုက်ပျိုးသင့်သည်။ မြန်မာ့ပဲ၏ အဓိကစျေးကွက်တွင် နောက်ဆုံးအသုံးပြုသောကဏ္ဍများသည် အိမ်တွင်းသုံး၊ မုန့်မျိုးစုံလုပ်ငန်း၊ အမှုန့်ကြိတ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဖြစ်ကြသည်။ မြန်မာ့ပဲ၏ အဓိကစျေးကွက်တွင် နောက်ဆုံးအသုံးပြုသောကဏ္ဍများသည် အိမ်တွင်းသုံး၊ မုန့်မျိုးစုံလုပ်ငန်း၊ အမှုန့်ကြိတ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရှာဖွေပေးနိုင်သော လယ်ယာထွက်ကုန်သီးနှံမှာ ပဲမျိုးစုံဖြစ်သည်။

ယခုအခါတွင် ပဲများထဲမှ ဆီထုတ်နိုင်သော သီးနှံတစ်မျိုးဖြစ်သည့် ပဲပုပ်၏ စျေးကွက်ဝယ်လိုအားမှာ တိုးတက်လာသည့်အပြင် ပြည်တွင်းဆီစက်များ၏ ဆီသန့်စင်ထုတ်လုပ်နိုင်မှုသည်လည်း တိုးတက်လာသဖြင့် ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပဝယ်လိုအား နှစ်မျိုးစလုံးတိုးတက်နေပြီး အလားအလာအလွန်ကောင်းသော ပဲအမျိုးအစားတစ်မျိုးဖြစ်သည်ကို တွေ့နိုင်သည်။

မြန်မာနိုင်ငံသည် ပဲမျိုးစုံတင်ပို့ခြင်းတွင် ကမ္ဘာ့အဆင့်(၂)၊ (၃)ထိ ရှိနေပြီဖြစ်သည့်အပြင် တင်ပို့လာ

> ❖ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ကုန်သွယ်မှုတွင် ထင်ရှားသော အဓိကပဲများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲ၊ ပဲရာဇာတို့ဖြစ်သည်။ ထို့ပြင် ပဲပုပ်နှင့် ပဲရာဇာကိုလည်း တိုးချဲ့စိုက်ပျိုးသင့်သည်။ မြန်မာ့ပဲ၏ အဓိကစျေးကွက်တွင် နောက်ဆုံးအသုံးပြုသောကဏ္ဍများသည် အိမ်တွင်းသုံး၊ မုန့်မျိုးစုံလုပ်ငန်း၊ အမှုန့်ကြိတ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရှာဖွေပေးနိုင်သော လယ်ယာထွက်ကုန်သီးနှံမှာ ပဲမျိုးစုံဖြစ်သည်။ ❖

အတွက် ပဲမျိုးစုံကို အိန္ဒိယနိုင်ငံအပြင် အခြားနိုင်ငံများသို့ပါတင်ပို့နိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းရန် အလွန်အရေးကြီးသည်။

ကမ္ဘာ့ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု အလားအလာနှင့် မြန်မာနိုင်ငံ

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိကာလတွင် ကမ္ဘာ့ပဲစျေးကွက်တိုးတက်မှုနှုန်း ငါးရာခိုင်နှုန်းရှိသည်ဟုသိရသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိ ကာလအတွင်း၌ ကမ္ဘာ့ပဲစျေးကွက် ထပ်မံတိုးတက်လာရန်သည်အတွေ့အကြုံအားဖြင့်လည်း ကြာရှည်ပြီဖြစ်သည်။ ထို့ကြောင့် တွေ့ကြုံလာသည့်အတွေ့အကြုံများနှင့် ကမ္ဘာ့ရိကွာပ့ံပိုးမှုနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ စီးပွားရေးသံမှူးများကိုလည်း နိုင်ငံခြားတိုင်းပြည်များတွင်ထားရှိနေသည်ကို အားသာချက်တစ်ခုအဖြစ်ရယူကာ ပဲမျိုးစုံတိုးတက်တင်ပို့နိုင်ရေးအတွက် အလားအလာကောင်းများ ဖော်ဆောင်သွားနိုင်ရန် ရေးသားလိုက်ရပါသည်။

လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

ယခုနှစ် ဇွန်လကုန်ထိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လျှပ်စစ်သုံးယာဉ် ၃၂၀၆ စီးရှိ

နေပြည်တော် ဧရိယာ ၈

ယခုနှစ် ဇွန်လကုန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လျှပ်စစ်သုံးယာဉ် ၃၂၀၆ စီးထိ ရှိနေပြီဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးကျော်အောင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဇွန်လကုန်ထိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လျှပ်စစ်သုံးယာဉ် အမျိုးအစားများမှာ လျှပ်စစ်သုံး လူစီးမော်တော်ယာဉ် ၄၆၇ စီး၊ ကုန်တင်ဝန်ပေါ့ယာဉ် နှစ်စီး၊ နှစ်ဘီးတပ်ယာဉ် ၂၄၇၄ စီး၊ သုံးဘီးတပ်ယာဉ် ၂၆၃ စီး စုစုပေါင်း ၃၂၀၆ စီးရှိနေပြီဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်ရုံးများတွင် အမျိုးအစားအလိုက် မှတ်ပုံတင်ထားသော မော်တော်ယာဉ်စာရင်းအရ သိရသည်။

"ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်ရုံးတွေမှာ အမျိုးအစားအလိုက် မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်စာရင်းအရ လူစီးယာဉ်မှာ ဆလွန်း၊ စတေရှင်ဝက်ဂွန်၊ ခရီးသည် ၁၅ ယောက်အထက် မိုက္ကရိုဘတ်စ်၊ လိုက်ဗင်နှ်၊ ဂျစ်၊ Double Cab ယာဉ်တွေပါဝင်ပြီး ကုန်တင်ဝန်ပေါ့ယာဉ်တွေမှာ ပစ်ကပ်၊ Single Cab၊ လိုက်ထရပ်၊ တင်ဆောင်နိုင်အား သုံးတန်နဲ့ သုံးတန်အောက် ဗင်နှ်၊ ထရပ်ယာဉ်တွေပါဝင်ပါတယ်။ နှစ်ဘီးတပ်ယာဉ်မှာ စက်တပ်စက်ဘီး၊ မိုပက်ဆိုင်ကယ်၊ စကူတာဆိုင်ကယ်၊ ရိုးရိုးနှစ်ဘီးတပ်ဆိုင်ကယ်၊ လျှပ်စစ်ဆိုင်ကယ်တွေပါဝင်ပြီး သုံးဘီးတပ်ယာဉ်မှာဆိုရင် သုံးဘီးတပ် မော်တော်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်နဲ့ သုံးဘီးယာဉ်တွေပါဝင်ပါတယ်"ဟု ဦးမျိုးကျော်အောင်က ပြောပြသည်။

လျှပ်စစ်သုံးယာဉ်အမျိုးမျိုးကို အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တင်သွင်းနေခြင်းဖြစ်ပြီး လျှပ်စစ်သုံးယာဉ်အမျိုးမျိုးအပါအဝင် လျှပ်စစ်သုံး EV အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ ASH

မအူပင်မြို့နယ်၌ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဆင်းပွဲကျင်းပ

မအူပင် ရူလိုင် ၈

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရေးဆွဲနည်းနှင့် AVIP သင်တန်းဆင်းပွဲကို ဇူလိုင် ၇ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကား ပြောကြားပြီး မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကျေးရွာနှင့်ပူးပေါင်း၍ သင်တန်းမှ သင်ကြားပေးလိုက်သော သင်ခန်းစာများကို လက်တွေ့အသုံးချပြီး ဦးစားပေးအလိုက်ရွေးချယ်ထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကုက္ကိုစုကျေးရွာ၊ ဝါးတောကျေးရွာအုပ်စု ဝါးတောကျေးရွာ၊ သုံးခွကျေးရွာအုပ်စု ဝါးတောကျေးရွာ၊ တံခွန်တိုင်ကျေးရွာ၊ ကျောင်းရွာကျေးရွာ၊ အင်းမကွက်သစ်ကျေးရွာ၊ ကျုံတောကျေးရွာ၊ ဖိုးစံကျေးရွာ၊ ကွမ်းသီးပင်စုကျေးရွာနှင့် ကံကုန်းကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရေးဆွဲနည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇူလိုင် ၃ ရက်မှ ဇူလိုင် ၇ ရက်ထိ ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်သာက ပြောပြ၍ သိရသည်။

မောင်ရိုင်

အညတရ၏ ဘဝအားမာန်

- နွားခြေရာကွက် မြေအက်အက်ဝယ်
ဌက်မမိခင် အသိုက်ဆင်၍
ရင်မှာထွေးပွေ့ မေတ္တာမွေ့ကြောင့်
တစ်နေ့သောခါ ပေါက်ဖွားလာသည်
ဌက်ပြာကလေး ငယ်သေးသေး။

- နွားကျောင်းသားက လောက်လေးခွဖြင့်
ချိန်ဆသည့်ဘေး မထိဝေးအောင်
ပြေးခဲ့ဖူးသည် အကြိမ်ကြိမ်၊
လေမုန်တိုင်းတိုက် သစ်ကိုင်းရိုက်၍
အသိုက်အအုံ ပျောက်ခဲ့ပုံလည်း
ကြုံဖူးခဲ့သည် အခါခါ။

- ဌက်ချင်းတူလျက် သိမ်းစွန်ဌက်က
ထိုးနှက်မည့်ဒဏ် အားမတန်၍
ခံဖူးခဲ့သည် အလီလီ။

- သူ့အရွယ်က ငယ်လွန်းစွလည်း
ဘဝတွေ့ကြုံ ဓလေ့စုံသည့်
ရဂုံတောမြိုင် ဖြန့်ကြက်နိုင်အောင်
သူပိုင်ဆိုင်ရာ ဤမြေချာဝယ်
ဘာမျှမရှိ သူလျှင်သိ၏
တွေ့သည့်ရေပေါက် သူသောက်သုံးရင်း
ရောက်သည့်ကိုင်းဖျား သူဝင်နားရင်း
စားနေမဝ ရှိပေထလည်း
လောကအလုံး ခွင့်လွှတ်ပြုံးဖြင့်
မဆုံးနိုင်ပေ တေးသစ်ခြွေကာ
နေရိပ်လရိပ် ခွင့်ကြုံအိပ်၍
ကိုယ်စိတ်နွမ်းရိ ပင်ပန်းဘိဟု
မရှိလျှော့ရာ ထက်အာကာဝယ်
ဌက်ပြာကလေး ပျံဆဲပင်။ ။

မြင်းမူမောင်နိုင်မိုး

သံတောင်ကြီးမြို့နယ် သဲပျော်အထက်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီပွဲ့စည်းခြင်းပြုလုပ်

သံတောင်ကြီး ရူလိုင် ၈

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် အဝိုးကျေးရွာအုပ်စု သဲပျော်အထက်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ သဲပျော်အထက်ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စီမံကိန်းပုံပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သူသူ

နိုင်ငံတကာ သတင်းများ

နေတိုးညီလာခံလုံခြုံရေးအတွက် ဗီးလ်နီးယပ်စ်မြို့၌ ပြင်ဆင်

ဗီးလ်နီးယပ်စ် ဇူလိုင် ၈

လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး) ထိပ်သီးညီလာခံ၌ နေတိုးခေါင်းဆောင်များကို အကာအကွယ်ပေးရေးအတွက် လစ်သူယေးနီးယားနိုင်ငံ ဗီးလ်နီးယပ်စ်မြို့ကို နေတိုးအဖွဲ့က ခံတပ်ကြီးတစ်ခုသဖွယ် ပြင်ဆင်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗီးလ်နီးယပ်စ် နေတိုးထိပ်သီးညီလာခံလုံခြုံရေးအတွက် လစ်သူယေးနီးယားနိုင်ငံသို့ နေတိုးအဖွဲ့ဝင်နိုင်ငံ ၁၆ နိုင်ငံတို့က တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀ ခန့်စေလွှတ်ထားပြီး အဖွဲ့ဝင်နိုင်ငံ အများအပြားက နည်းပညာအဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပေးပို့ထားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်အခြားနိုင်ငံခေါင်းဆောင် ဦးရေ ၄၀ တို့ ရောက်ရှိနေချိန်တွင် လစ်သူယေးနီးယားနိုင်ငံ၏ ကောင်းကင်ယံ အကာအကွယ်မဲ့နေပါက မိမိတို့ တာဝန်မဲ့လွန်းရာ ကျကြောင်း လစ်သူယေးနီးယားသမ္မတ ဂီတာနက်စ်နော်ဆီဒါက ပြောကြားထားသည်။

နေတိုးထိပ်သီးညီလာခံကျင်းပမည့် လစ်သူယေးနီးယားနိုင်ငံ ဗီးလ်နီးယပ်စ်မြို့သည် ရှရှားနိုင်ငံနှင့် ၉၄ မိုင်ခန့်အကွာ၊ ဘီလာရုစ်နိုင်ငံနှင့် မိုင် ၂၀ ခန့်အကွာတွင် သာတည်ရှိသောမြို့ဖြစ်သည်။

ယူကရိန်းပြဿနာကို အကြောင်းပြု၍ ရှရှားနှင့် အနောက်အုပ်စု မဟာမိတ်များကြား ဆက်ဆံရေးတင်းမာနေချိန်တွင် ဗီးလ်နီးယပ်စ်မြို့၌ ထိပ်သီးညီလာခံကျင်းပရန် နေတိုးအုပ်စုက စီစဉ်ထားခြင်းဖြစ်သည်။

နေတိုးညီလာခံ လုံခြုံရေးအတွက် ဂျာမနီ၊ စပိန်၊ ပြင်သစ်စသည့် နေတိုးနိုင်ငံများက လစ်သူယေးနီးယားသို့ ပက်ထရီးယော့လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် အခြားလေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ အမြောက်စနစ်များ ပေးပို့ထားကြောင်း သိရသည်။

KKO

ဘရာဇီး၌ လေးထပ်အဆောက်အအုံပြိုကျမှုကြောင့် အနည်းဆုံး ရှစ်ဦးသေဆုံး၍ ငါးဦးဒဏ်ရာရရှိ

ရီယိုဒီဂျနေရိုး ဇူလိုင် ၈

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၌ လူနေတိုက်ခန်းတွဲတစ်လုံးဇူလိုင် ၇ ရက်တွင် ပြိုကျခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံး၍ ငါးဦးဒဏ်ရာ ရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပါနမ်ဘူကိုပြည်နယ် ရီဆီဖီမြို့စွန်း၌တည်ရှိသော အဆိုပါအဆောက်အအုံသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း မဂ္ဂဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါလေးထပ် အဆောက်အအုံပြိုကျခဲ့ပြီးနောက် ညပိုင်းအရောက်တွင် လူလေးဦးကိုအပျက်အစီးများအောက်မှ အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မဂ္ဂဆီကို ရှာဖွေကယ်ဆယ်ရေး သမားများသည် အဆောက်အအုံအပျက်အစီးများအောက်၌ အသက်ရှင်ကျန်ရစ်သူများ ရှိ၊ မရှိ ရှာဖွေနေကြဆဲဖြစ်သည်။

အဆောက်အအုံ ပြိုကျချိန်မှာ နံနက် အစောပိုင်းတွင်ဖြစ်ရာ အဆောက်အအုံအတွင်း နေထိုင်သူများအိပ်စက်နေကြဆဲ ဖြစ်နိုင်ကြောင်း မဂ္ဂဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လူဦးရေ ၁၅သမ ၅ သန်းခန့် နေထိုင်သော ကမ်းရိုးတန်းမြို့ တစ်မြို့ဖြစ်သည့် ရီဆီဖီမြို့သည် ပြီးခဲ့သည့်ရက်များအတွင်း မိုးဆက်တိုက်ရွာသွန်းမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

KKO

အသစ်ဖွဲ့စည်းထားသည့်တပ်များလေ့ကျင့်မှု ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး စစ်ဆေး

မော်စကို ဇူလိုင် ၈

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် စာချုပ်ဖြင့် ငှားရမ်းထားသော စစ်မှုထမ်းများ ဖြင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်တပ်ဖွဲ့သစ်များကို စစ်ဆေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာကီရောင်စစ်ဝတ်စုံ ဝတ်ဆင်ထားသောရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးက အသစ်ဖွဲ့စည်းထားသော တပ်များအားစစ်ဆေးကြည့်ရှုနေမှုကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဗီဒီယိုဖိုင်အဖြစ် ထုတ်လွှင့်ပြသခဲ့သည်။

သို့သော် အဆိုပါအသစ်ဖွဲ့စည်းထားသောတပ်များအား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးက မည်သည့်အချိန် မည်သည့်နေရာ၌ စစ်ဆေးခဲ့သည်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

ရုရှား ကာကွယ်ရေးဝန်ကြီးသည် ပြီးခဲ့သည့်လအတွင်းက ဝဂ္ဂနာအုပ်စု၏ပုန်ကန်မှု ပျက်ပြားခဲ့ရပြီးနောက် အများမြင်ကွင်းရှေ့သို့ ပထမဆုံးအကြိမ်ပေါ်ထွက်လာခြင်းဖြစ်သည်။

ဝဂ္ဂနာအုပ်စု ပုန်ကန်မှုကြောင့် ယူကရိန်း၌ပြုလုပ်နေသည့် အထူးစစ်ဆင်ရေးများအပေါ် တစ်စုံတစ်ရာအကျိုးသက်ရောက်မှုရှိလိမ့်မည်မဟုတ်ကြောင်း ဆာဂေးရှိုဂူးက ယခုရက်သတ္တပတ်အတွင်း ပြောကြားထားသည်။

ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် အဌားစာချုပ်များဖြင့် စစ်မှုထမ်းမည့်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုများကို ကိုယ်တိုင်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

KKO

မဂ္ဂဆီကိုပင်လယ်ကွေ့၌ ရေနံတွင်းတူးစင် မီးလောင်မှုဖြစ်ပွား အလုပ်သမား နှစ်ဦးသေဆုံး၍ တစ်ဦးပျောက်ဆုံး

မဂ္ဂဆီကိုစီးတီး ဇူလိုင် ၈

မဂ္ဂဆီကိုနိုင်ငံ မဂ္ဂဆီကိုပင်လယ်ကွေ့ တောင်ဘက်စွန်းရှိ ကမ်းလွန်ရေနံတွင်းတူးစင်တစ်စင်ပေါ်တွင် ဇူလိုင် ၇ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အလုပ်သမားနှစ်ဦးသေဆုံး၍ တစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ရေနံတွင်းတူးစင်ကို မဂ္ဂဆီကိုအစိုးရပိုင် ပီးမက်စ်ရေနံကုမ္ပဏီက စီမံခန့်ခွဲသောရေနံတွင်းတူးစင်ဖြစ်သည်။

ရေနံတွင်းတူးစင် မီးလောင်မှုကြောင့် အလုပ်သမားခြောက်ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ပီးမက်စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ရေနံတွင်းတူးစင်မီးလောင်ကျွမ်းစဉ်အတွင်း စင်များပေါ်၌ အလုပ်သမား၁၂၈ ဦးထိရှိခဲ့ရာ အများစုကို ဘေးလွတ်ရာသို့ ခေါ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေနံတွင်းတူးစင် မီးသည် ကာတာရဲလ်ရေနံလုပ်ကွက်အတွင်းတည်ရှိရာ ရေနံတွင်းတူးစင် မီးလောင်မှုကြောင့် ယင်းလုပ်ကွက်၏ရေနံထွက်နှုန်း ထိခိုက်မှုရှိခဲ့ကြောင်းပီးမက်စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ကာတာရဲလ် ရေနံလုပ်ကွက်သည် တစ်ချိန်က ကမ္ဘာပေါ်၌ ရေနံအထွက်နှုန်း အကောင်းဆုံး ကမ်းလွန်ရေနံ လုပ်ကွက်ဖြစ်ပြီး လက်ရှိအချိန်ထိလည်း တစ်ရက်လျှင် ရေနံစီမံးစည် ၁၇၀၀၀၀ခန့် ထုတ်လုပ်နိုင်ဆဲ ဖြစ်ကြောင်း သိရသည်။

KKO

ပထမတန်းစား စာပို့တံဆိပ်ခေါင်းများဈေးနှုန်း အမေရိကန်အစိုးရ စာတိုက်လုပ်ငန်းမြှင့်တင်မည်

ဝါရှင်တန် ဇူလိုင် ၈

အမေရိကန်အစိုးရ စာတိုက်လုပ်ငန်း(ယူအက်စ်ပီအက်စ်)သည် ဇူလိုင် ၉ ရက်မှစ၍ ပထမတန်းစားစာပို့တံဆိပ်ခေါင်းများ၏ တန်ဖိုးကို မြှင့်တင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပထမတန်းစား စာပို့တံဆိပ်ခေါင်းများ၏တန်ဖိုးကို ဇူလိုင် ၉ ရက်မှစ၍ လက်ရှိ ၆၃ အဆင့်မှ ၆၄ အဆင့်သို့ ပြောင်းလဲသတ်မှတ်မည်ဖြစ်ကြောင်း ယူအက်စ်ပီအက်စ်က သတင်းထုတ်ပြန်ထားသည်။

ယူအက်စ်ပီအက်စ်သည် ၎င်တန်ဖိုးဖောင်းပွမှုဖိအားကို လျှော့ချရာတွင်အထောက်အကူပြုရန် စာပို့တံဆိပ်ခေါင်းဈေးနှုန်းမြှင့်တင်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။

ယူအက်စ်ပီအက်စ်၏နောက်ဆုံး အစီအစဉ်အရ ပထမတန်းစာပို့တံဆိပ်ခေါင်းများ၏တန်ဖိုးမှာ မူလကထက် ၅ ဒသမ ၄ ရာခိုင်နှုန်းပို၍ မြင့်မားလာမည် ဖြစ်ကြောင်း သိရသည်။

ယူအက်စ်ပီအက်စ်သည် ၂၀၁၉ ခုနှစ်အစောပိုင်းကာလမှစ၍ ပထမတန်း စာပို့တံဆိပ်ခေါင်းများကို တန်ဖိုးအားဖြင့် ၃၂ ရာခိုင်နှုန်းထိ မြှင့်တင်ခဲ့ပြီးဖြစ်သည်။

စာပို့ရန်နှင့် ငွေပို့ရန် အမေရိကန်ပြည်သူအများစု သုံးစွဲနေကြသော ပထမတန်းစာပို့တံဆိပ်ခေါင်းများသည် အမေရိကန်နိုင်ငံ၏ ဝင်ငွေအကောင်းဆုံးစာပို့လုပ်ငန်း တံဆိပ်ခေါင်းများဖြစ်ကြပြီး ယင်းတံဆိပ်ခေါင်းများ ရောင်းချရမှုတန်ဖိုးမှာ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄သမ၂ ဘီလီယံ ထိရှိခဲ့ကြောင်း သိရသည်။

KKO

SCIENCE AND TECHNOLOGY

အိန္ဒိယနိုင်ငံက ချန်ဒရာယန်း-၃ အမည်ရှိ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်ကို ဇူလိုင် ၁၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထား

နယူးဒေလီ ဇူလိုင် ၈

အိန္ဒိယနိုင်ငံသည် ချန်ဒရာယန်း-၃ အမည်ရှိ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်ကို ဇူလိုင် ၁၄ ရက်တွင်လွှတ်တင်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

ချန်ဒရာယန်း-၃ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်သည် လဆင်းယာဉ်နှင့် လမျက်နှာပြင်လေ့လာရေးယာဉ်တို့ဖြင့် ဖွဲ့စည်းထားသော မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအာကာသအေဂျင်စီသည် ချန်ဒရာယန်း-၃ ကို အယ်လ်ဗီအမ်-၃ ဒုံးပျံဖြင့် ဆာဘစ်ရှ် ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ချန်ဒရာယန်း-၁ မစ်ရှင်ဖြင့် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် လပတ်အာကာသယာဉ်တစ်စင်း လွှတ်တင်ခဲ့ဖူးသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ၂၀၁၉ ခုနှစ်က လပတ်ယာဉ်၊ လဆင်းယာဉ်၊ လမျက်နှာပြင်လေ့လာရေးယာဉ်တို့ဖြင့် ဖွဲ့စည်းထားသော ချန်ဒရာယန်း-၂ မစ်ရှင်ကို လွှတ်တင်ခဲ့သော်လည်း လဆင်းယာဉ်နှင့် လမျက်နှာပြင်လေ့လာရေးယာဉ်တို့မှာ ပျက်ကျခဲ့ရသည်။

လက်ရှိအချိန်တွင် အိန္ဒိယ အာကာသအေဂျင်စီသည် ချန်ဒရာယန်း-၃ အာကာသယာဉ်နှင့် အယ်လ်ဗီအမ်-၃ ဒုံးပျံတို့ကို ဆာဘစ်ရှ် ဒါဝန် အာကာသစခန်းပစ်စင်၌နေရာ ချထားပြီးဖြစ်ကြောင်း သိရသည်။

KKO

HEALTH

သွားများပြန်ပေါက်လာစေသည့်ဆေးကို လူသားများဖြင့် စမ်းသပ်ရန် ဂျပန်သုတေသနပညာရှင်များ စီစဉ်ထား

တိုကျို ဇူလိုင် ၈

သွားများပြန်ပေါက်လာစေရန် ရည်ရွယ်ဖန်တီးထားသည့် ဆေးဝါးတစ်မျိုးကို လာမည့်နှစ် နှစ်စပိုင်းတွင် လူသားများဖြင့် လက်တွေ့စမ်းသပ်ရန် ဂျပန်သုတေသနပညာရှင်များက စီစဉ်ထားကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဆေးသစ်သည် အမှန်တကယ်အလုပ်ဖြစ်ခဲ့ပါက သွားတုတပ်ဆင်ထားရသူ သန်းပေါင်းများစွာအတွက် အားတက်ဖွယ်ကုထုံးဖြစ်လာနိုင်သည်ဟု ဂျပန်သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်နှင့်ဖူကူအီတက္ကသိုလ်တို့မှ သုတေသနပညာရှင်များသည် တရားဝင်ဆေးနာမည် မပေးရသေးသည့် အဆိုပါဆေးဝါးကို ဓာတ်ခွဲခန်းတိရစ္ဆာန်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ ၎င်းတိရစ္ဆာန်များ၌ သွားများပြန်ထွက်လာသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

အဆိုပါဆေးကို မျိုးဗီဇပြဿနာကြောင့် အရွယ်ရောက်ချိန် သွားအပြည့်မရှိသူများအတွက် ရည်ရွယ်ဖန်တီးထားသည့်ဆေးဖြစ်ကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါဆေးဝါးသည် ပဋ္ဌိပစ္စည်းကုထုံးအုပ်စုဝင် ဆေးသစ်မျိုးဖြစ်ပြီး USAG-1 အမည်ရှိမျိုးဗီဇတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် သွားများပြန်ထွက်လာစေရန် အကူအညီပေးကြောင်း သိရသည်။

၎င်းဆေးသစ်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် လူသားများဖြင့် လက်တွေ့စမ်းသပ်ရန် ဂျပန်သုတေသနပညာရှင်များက ရည်ရွယ်ထားကြောင်း သိရသည်။

KKO

နာဆာကျွမ်းကျင်သူများက အားတီးမစ်-၂ မစ်ရှင်၏ အိုရီယွန်အာကာသလူသယ်ယာဉ်၌ အပူဒဏ်ခံဒိုင်းကိုတပ်ဆင်ပေးခဲ့

ဝါရှင်တန် ဇူလိုင် ၈

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကျွမ်းကျင်သူများသည် အားတီးမစ်-၂ မစ်ရှင်၏ အိုရီယွန်အာကာသ လူသယ်ယာဉ်၌ အပူဒဏ်ခံဒိုင်းကိုတပ်ဆင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာကျွမ်းကျင်သူများသည် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်း၌ အိုရီယွန်အာကာသ လူသယ်ယာဉ်နှင့် ၎င်း၏အပူဒဏ်ခံဒိုင်းတို့ကို ပေါင်းစပ်တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို ၂၀၂၄ ခုနှစ်နှစ်ကုန်ပိုင်းတွင် SLS ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါမစ်ရှင်အတွင်း အိုရီယွန်အာကာသယာဉ်သည် အာကာသယာဉ်မှူးလေးဦးကို မည်သည့် လူသားမျှမရောက်ဖူးသည့် လကမ္ဘာဝန်းကျင် အာကာသနယ်မြေအတွင်းထိ ပို့ဆောင်ပေးမည်ဖြစ်သည်။

နာဆာအဖွဲ့သည် ၂၀၂၂ ခုနှစ်နိုဝင်ဘာလတွင် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် အိုရီယွန်အာကာသယာဉ်ကို လပတ်လမ်းအတွင်းသို့ အောင်မြင်စွာစမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်သည်။

အားတီးမစ်-၂ မစ်ရှင် အိုရီယွန်အာကာသယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်၌ လေထုလွှာအတွင်းသို့ တစ်နာရီလျှင် မိုင် ၂၅၀၀၀ နှုန်းဖြင့် ဝင်ရောက်လာမည်ဖြစ်ရာ အပူခံဒိုင်းစနစ် တပ်ဆင်ထားရန်လိုအပ်ကြောင်း သိရသည်။

KKO

Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် ဇူလိုင် ၈

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဇူလိုင် ၇ ရက်က စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၄၈ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၉ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့် ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုသစ်များ ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည်ဂင်းတည်ဆောက်နေသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လက်ရှိအချိန်ထိ စတားလင့်ခ်ဂြိုဟ်တု အစင်းပေါင်း ၄၇၀၀ ထိ လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တုများအနက် အများစုမှာ လက်ရှိအချိန်တွင် လုပ်ငန်းပုံမှန်လည်ပတ်နေကြဆဲဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု စင်းရေ ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

KKO

လူငယ်ဘဝ အဝလွန်သူများတွင် ကင်ဆာရောဂါ အမျိုးအစား ၁၈ မျိုး ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

မက်ဒရစ် ဇူလိုင် ၈

လူငယ်ဘဝ အဝလွန်နေသူများတွင် ကင်ဆာရောဂါအမျိုးအစား ၁၈ မျိုး ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

လူငယ်ဘဝ အဝလွန်မှုပြဿနာသည် ယခင်တွေးထင်ထားခဲ့ကြသည်ထက်ပင် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေနှင့်ပို၍ပင် ဆက်စပ်နေသည်ကို တွေ့ရကြောင်း စပိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဆယ်ကျော်သက်ဘဝ အဝလွန်မှုပြဿနာ သို့မဟုတ် ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲမှုပြဿနာသည် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ ကျောက်ကပ်ကင်ဆာနှင့် ပန်ကရိယကင်ဆာ အပါအဝင် ကင်ဆာရောဂါတချို့ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေသည်ဟု နိုင်ငံတကာ သုတေသနပညာရှင်များက ယခင်ကပင် ဖော်ထုတ်တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် စပိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆယ်ကျော်သက် အဝလွန်မှုသည် သွေးကင်ဆာရောဂါ Non Hodgkin Lymphoma ခေါ် သွေးဖြူဆဲလ်ကင်ဆာတစ်မျိုးတို့နှင့် ဆက်စပ်နေသည့် အပြင် ဆေးလိပ်မသောက်သူများတွင်လည်း ဆီးအိတ်ကင်ဆာ၊ ဦးခေါင်းနှင့် လည်ပင်းကင်ဆာ ဖြစ်နိုင်ခြေတို့ မြင့်တက်လာနိုင်မှုနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

KKO

ဝံစစ်ကစားသမား ဒါလေဘလိုင်းကို နှစ်နှစ်စာချုပ်ဖြင့် ဂျီရိုနာအသင်းခေါ်ယူ

မက်ဒရစ် ၊လိုင် ၈

ပြီးခဲ့သည့် ဘောလုံးရာသီက စပိန်လာလီဂါတွင် အမှတ်ပေး ၎ယား အဆင့် (၁၀) ၌ ရပ်တည်နိုင်ခဲ့သည့် ဂျီရိုနာအသင်းက ဝံစစ်ကစားသမား ဒါလေဘလိုင်းအား နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒါလေဘလိုင်းသည် ပြီးခဲ့သည့် ၆နှစ် ၃၀ ရက်က ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့ကာ နယ်သာလန်ကလပ်အသင်းများက ၎င်းကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်လိုသဖြင့် စပိန်ကလပ် ဂျီရိုနာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ ဆေးစစ်မှုပြုလုပ်ခဲ့ပြီးနောက် နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ဝံစစ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက နယ်သာလန်ကလပ် အေဂျက်အသင်းတွင် ကစားခဲ့ရာ ပထမရာသီဝက်အတွင်း ပြိုင်ပွဲစုံ ၁၉ ပွဲ ပါဝင်ကစားခဲ့ပြီး ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ၎နှစ်ဝါရီ အပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ကာလတိုစာချုပ်ဖြင့် ထပ်မံပြောင်းရွှေ့ခဲ့ရာ အသင်းနှင့်အတူ အမှတ်ပေးချန်ပီယံဆုဖလားရယူနိုင်ခဲ့သော်လည်း စာချုပ်ကုန်ဆုံးချိန်တွင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ဒါလေဘလိုင်းသည် ၎င်း၏ကစားသမားဘဝတွင် အေဂျက်အသင်း၊ ဂရိုနင်ဂျန်အသင်း၊ မန်ယူအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့တွင် ကစားခဲ့သော်လည်း စပိန်လာလီဂါတွင် ကစားခဲ့ဖူးခြင်းမရှိသောကြောင့် ဂျီရိုနာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့သဖြင့် စပိန်ကလပ် ကတ်တလန်တာ ကလပ်အသင်းများတွင် ကစားခွင့်ရသည့် ပထမဆုံးနယ်သာလန်ကစားသမားတစ်ဦး ဖြစ်လာခဲ့ကြောင်း သိရသည်။

ML

အားကစားသတင်း အတိုအထွာများ

- ❑ မိုနာကိုတိုက်စစ်မှူး ဘန်ယယ်ဒါကို ခေါ်ယူမည့် သတင်းများမှာ မဟုတ်မှန်ကြောင်း ရင်းနှက်အသင်း အားကစားဒါရိုက်တာ ဖလိုရီရန်မူရိုက်က အတည်ပြုပြောကြားခဲ့သည်။
- ❑ ဘာစီလိုနာအသင်းက အကယ်ဒမီ လူငယ်ကစားသမား ယာမယ်အား ငါးနှစ်သက်တမ်းစာချုပ်ချုပ်ဆိုပြီး ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- ❑ ပီအက်စ်ဂျီအသင်းက မာယော့ကာကွင်းလယ်ကစားသမား ကန်အင်းလီကိုခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ❑ တိုက်စစ်မှူး လူကာကူကိုခေါ်ယူရန် အင်တာမီလန်အသင်းက ယူရိုသန်း ၃၀ ဖြင့်ကမ်းလှမ်းခဲ့ရာ ချဲလ်ဆီးအသင်းက တရားဝင်ငြင်းဆိုခဲ့ကြောင်း သိရသည်။

ML

ယူရိုပါလိဂ်ချန်ပီယံဆီဗီလာအသင်းနှင့် ကိုပါဆူဒါမာရီကာနာချန်ပီယံ အင်ဒီပန်ဒီယန်တီအသင်းတို့ ဖိတ်ခေါ်ဖလားယှဉ်ပြိုင်မည်ဟုဆို

နီယွန် ၊လိုင် ၈

ဥရောပ ဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)နှင့် တောင်အမေရိကဘောလုံးအဖွဲ့ချုပ်(ကွန်မီဘော) တို့ ပူးပေါင်း၍ ယူရိုပါလိဂ်ချန်ပီယံဆီဗီလာအသင်းနှင့် ကိုပါဆူဒါမာရီကာနာချန်ပီယံ အင်ဒီပန်ဒီယန်တီအသင်းတို့ ဖိတ်ခေါ်ဖလားပြိုင်ပွဲ ကျင်းပမည်ဟု အတည်ပြု ထုတ်ပြန်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘောလုံးအဖွဲ့ချုပ် နှစ်ခုကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုအဖြစ် တောင်အမေရိကတိုက်၏ ဒုတိယအမြင့်ဆုံးဆုဖလားရရှိခဲ့သည့် အီကွေဒေါကလပ် အင်ဒီပန်ဒီယန်တီ အသင်းနှင့် ဥရောပ၏ ဒုတိယအမြင့်ဆုံးဆုဖလားရရှိထားသည့် စပိန်ကလပ် ဆီဗီလာအသင်းတို့၏ ဖိတ်ခေါ်ဖလားပြိုင်ပွဲကို လာမည့် ဇူလိုင် ၁၉ ရက်တွင် ဆီဗီလာမြို့၌ ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

ကွန်မီဘောအဖွဲ့ချုပ်က "ဒီကလပ်အသင်း ဖိတ်ခေါ်ပြိုင်ပွဲကို ပွဲကစားချိန် မိနစ် ၉၀ ပဲ ပြုလုပ်သွားမှာပါ။ ပွဲချိန်အတွင်းမှာ အနိုင်၊ အရှုံးရလဒ် မထွက်ခဲ့ရင် အချိန်ပိုဆက်လက်မကစားဘဲ ပင်နယ်တီနဲ့ ဆုံးဖြတ်သွားမှာပါ။ ပြိုင်ပွဲအမည်ကိုတော့ ၂၀၀၇ ခုနှစ်မှာ ဘောလုံးကစားရင်းနှလုံးရောဂါကြောင့် သေဆုံးခဲ့ရတဲ့ ဆီဗီလာကစားသမား Antonio Puerta ကို အစွဲပြုပြီး Antonio Puerta XII အမည်နဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ အနိုင်ရတဲ့ အသင်းကိုတော့ ကမ္ဘည်းမှတ်တမ်းနဲ့အမှတ်တရဆုတံဆိပ်တွေ ပေးအပ်သွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

နယူးကာဆယ်အသင်းက လက်စတာကစားသမား ဟာဗေးဘန်းကိုခေါ်ယူရန် ကြိုးပမ်း

လန်ဒန် ၊လိုင် ၈

နယူးကာဆယ် အသင်းသည် ချန်ပီယံရှစ်ကလပ်သို့ တန်းဆင်းသွားသည့် လက်စတာအသင်း ကစားသမား ဟာဗေးဘန်းအား ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိရန် သေချာနေပြီးလာမည့် ရက်သတ္တပတ်အတွင်း စာချုပ်ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်း The Telegraph သတင်းစာကယနေ့တွင် ဖော်ပြခဲ့သည်။

နယူးကာဆယ် အသင်းသည် အသင်းတိုက်စစ်ပိုင်းအတွက် ပြီးခဲ့သည့်လကတည်းက လက်စတာအသင်း ကစားသမား မက်ဒီဆင်အားခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ကစားသမားအနေဖြင့် စပါးအသင်းသို့ပြောင်းရွှေ့သွားသောကြောင့် ယခုအခါ လက်စတာအသင်း တောင်ပံကစားသမား ဟာဗေးဘန်းကို ထပ်မံခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး ကစားသမား၏ ဈေးကွက်တန်ကြေးမှာ ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် တောင်ပံကစားသမား ဟာဗေးဘန်းကို ပရီးမီးယားလိဂ်ပြိုင်ဘက်များဖြစ်သည့် ဝက်စ်ဟမ်းအသင်း၊ အေဗီလာအသင်းတို့က ကမ်းလှမ်းထားသော်လည်း နယူးကာဆယ်အသင်းက လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းနေကာ လက်စတာအသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ ရရှိရန် မျှော်လင့်ထားပြီး နယူးကာဆယ်အသင်းက စတာလင်ပေါင် ၃၅ သန်း၀နီးကျင်ဖြင့်သာ ခေါ်ယူနိုင်ရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

ML

စတီဖာနို့စ်အားရှုံးနိမ့်ခဲ့သော်လည်း တင်းနစ်လောကမှ အနားယူရန် ဆန္ဒမရှိသေးကြောင်း အင်ဒီမာရေးပြောကြား

လန်ဒန် ၊လိုင် ၈

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အင်ဒီမာရေးနှင့်စတီဖာနို့စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စတီဖာနို့စ်က (၇-၆၊ ၆-၇၊ ၄-၆၊ ၇-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗြိတိန် တင်းနစ်ကစားသမား အင်ဒီမာရေးနှင့် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်တို့၏ ပွဲစဉ်သည် ဇူလိုင် ၆ ရက်တွင် အပြီးသတ်ကစားသွားရမည် ဖြစ်သော်လည်း အင်ဒီမာရေးသည် တတိယပွဲစဉ်ပြီးဆုံးချိန် (၂-၁) ရလဒ်ဖြင့် အနိုင်ကစားထားချိန်၌ ဒဏ်ရာပြဿနာကြောင့် အနားယူခဲ့ရပြီး ပွဲအားယာယီရပ်ဆိုင်းခဲ့ရသည်။

လက်ကျန်ပွဲငယ်များကို ဇူလိုင် ၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားခဲ့ရာတွင် စတီဖာနို့စ်ကနောက်မှလိုက်ကစားကာ အင်ဒီမာရေးအား အနိုင်ကစားသွားနိုင်ခဲ့ပြီး တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အင်ဒီမာရေးသည် တတိယအဆင့်သို့ တက်ရောက်နိုင်မည့် အခွင့်အရေးကောင်းများကို ပိုင်ဆိုင်ထားသော်လည်း စတီဖာနို့စ်အား ရှုံးနိမ့်ခဲ့ရပြီးနောက် တင်းနစ်လောကမှ အနားယူရန် ဆန္ဒမရှိသေးသလို တင်းနစ်လောကတွင် ဆက်လက် ကျင်လည်သွားရန် ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ဒီမာရေးက "ကျွန်တော်တို့ ပွဲစဉ်ဟာ သတ်မှတ်ရက်အတိုင်း ပြီးဆုံးသွားရမှာ ဖြစ်ပေမဲ့လဲ ကျွန်တော့်ရဲ့ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း တစ်ရက်နောက်ဆုတ်ပြီး လက်ကျန်ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားခွင့်ရခဲ့တယ်။ ဒဏ်ရာမရမီက ကစားခဲ့တဲ့ပွဲစဉ်တွေမှာ အသာစီးရယူပြီး ဦးဆောင်ထားနိုင်ပေမဲ့လဲ ပြန်လည်ကစားရတဲ့နေ့ကျတော့ စွမ်းဆောင်ရည်ပိုင်း ကျဆင်းခဲ့လို့ အသာစီးရနေတာကနေ ရှုံးနိမ့်ခဲ့ရတယ်။ ရှုံးနိမ့်ခဲ့ရပေမဲ့လဲစိတ်ဓာတ် မကျပါဘူး။ လက်ရှိအသက်အရွယ် ပိုင်းအရ အနားယူသင့်ပြီဆိုပေမဲ့လဲ အနားယူသွားဖို့ အစီအစဉ်မရှိသေးပါဘူး။ တင်းနစ်လောကမှာ ဆက်လက်ကျင်လည်သွားမှာဖြစ်ပါတယ်။ စတီဖာနို့စ်ဟာ တင်းနစ်လောကရဲ့ အနာဂတ်ကြယ်ပွင့်ဖြစ်ပါတယ်။ ဒီလို ကစားသမားတစ်ယောက်ကို ရှုံးနိမ့်သွားလို့ ကျွန်တော့်အနေနဲ့ ဘာမှစိတ်ပျက်ဝမ်းနည်းနေစရာမရှိပါဘူး။ တင်းနစ်လောကမှာဆက်လက်ကျင်လည်ပြီး အောင်မြင်မှုတွေ ဆွတ်ခူးနိုင်ဖို့အတွက် မျှော်လင့်ချက်နဲ့ တင်းနစ်လောကမှာ ဆက်လက်ကျင်လည်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၈

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် ၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန်ည ၇ နာရီက မြန်မာယူ-၁၉ အသင်းနှင့် ဖိလစ်ပိုင်ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ-၁၉ အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဖိလစ်ပိုင်ယူ-၁၉ အသင်း၏ တုံ့ပြန်မှုများကြောင့် မြန်မာယူ-၁၉အသင်းအခက်တွေ့ခဲ့ရပြီး ပထမပိုင်းတွင် ဖိလစ်ပိုင်ယူ-၁၉အမျိုးသမီးအသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာယူ-၁၉ အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပထမပိုင်းကထက် ပိုမိုတိုက်စစ်မြှင့်ဖိအားပေး ကစားခဲ့ရာမှ ပွဲချိန် ၅၉ မိနစ်တွင် ဖိလစ်ပိုင်ယူ-၁၉ အသင်း ဂိုးသမားထံမှ ပြန်ထွက်လာခဲ့သည့်ဘောလုံးကို ဇင်မိုးပြည့်က အပိုင်ပိတ်သွင်းပြီး မြန်မာယူ- ၁၉ အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သည်။

ချေပဂိုး ရရှိခဲ့ပြီးနောက်ပိုင်းတွင်လည်း မြန်မာယူ- ၁၉ အသင်းက တိုက်စစ်မလျှော့ဘဲ ဆက်လက်ဖိအားပေးခဲ့ရာမှ ပွဲချိန် ၇၅ မိနစ်တွင် အလွတ်တည်ကန်ဘောမှ ပြန်လည် ထွက်လာခဲ့သည့်ဘောလုံးကို ယဉ်လွန်းအိမ်က ဖိလစ်ပိုင်ခံစစ်ကစားသမား၏ လူကျွံထောင်ချောက်ကို အကောင်းဆုံးကျော်ဖြတ်ပြီး အပိုင်ပိတ်သွင်းကာ ဦးဆောင်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာယူ-၁၉အသင်းက ဖိလစ်ပိုင်ယူ-၁၉ အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

ဝင်ဘယ်ဒန်ပြိုင်ပွဲတတိယအဆင့်သို့ အွန်ဂျပ်ဘာနှင့် ကီတိုဟတို့ တက်ရောက်

လန်ဒန် ဇူလိုင် ၈

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဒုတိယပွဲစဉ်များအဖြစ် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာက တရုတ်တင်းနစ်မယ်ကျီချွန်ဘိုင်နှင့်ယှဉ်ပြိုင်ကစားခဲ့ပြီး အွန်ဂျပ်ဘာက (၆-၁၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

နာမည်ကြီး ချက်တင်းနစ်မယ် ကီတိုဟနှင့် ရုရှားတင်းနစ်မယ် ဆက်နိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ကီတိုဟက (၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

နိုင်ခြေအဆင့် (၆) အဖြစ် သတ်မှတ်ခံထားရသည့် အွန်ဂျပ်ဘာသည် တရုတ်တင်းနစ်မယ် ကျီချွန်ဘိုင်အား ပြတ်သားသော ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်ထားနိုင်သည့် အကြောင်းအရင်းကိုလည်း ပြသသွားနိုင်ခဲ့ကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

အွန်ဂျပ်ဘာသည် တတိယအဆင့်တွင် ကနေဒါ အဆင့် (၁) တင်းနစ်မယ် အန်ဒရက်စ်ကူဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အွန်ဂျပ်ဘာအတွက် ခက်ခဲသည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်သည်။

ကီတိုဟက "ဆစ်ဒနီမှာတုန်းကလဲ ကျွန်မသူ့ကို အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဆက်နိုဗစ်ဟာကစားရခက်တဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ဆိုတာ ဆစ်ဒနီမှာကတည်းက အတွေ့အကြုံရှိပြီးသားပါ။ Indian Wells မှာတုန်းကလဲ သူနဲ့တွေ့ဆုံခဲ့ဖူးတယ်။ ဒါကြောင့် သူနဲ့ယှဉ်ပြိုင်ကစားဖို့အတွက် ကျွန်မအနေနဲ့ အများကြီးပြင်ဆင်ခဲ့ရတယ်။ ပြင်ဆင်ထားတဲ့အတိုင်း အကောင်းဆုံးကစားနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။ AZL

ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းပွဲစဉ်မှ ဖြစ်ရပ်အတွက် မြဝတီအက်ဖ်စီအသင်းကို ပြစ်ဒဏ်များချမှတ်

ရန်ကုန် ဇူလိုင် ၈

မြန်မာနေရှင်နယ်လီဂ် ပြိုင်ပွဲ ပွဲစဉ် (၁၁) အဖြစ် ကစားခဲ့သည့် မြဝတီအက်ဖ်စီအသင်းနှင့်ရတနာပုံအက်ဖ်စီအသင်းတို့ ပွဲစဉ်မှဖြစ်ရပ်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ကော်မတီက မြဝတီအက်ဖ်စီအသင်းကို ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။

မြန်မာနေရှင်နယ်လီဂ် ပြိုင်ပွဲ ပွဲစဉ် (၁၁) အဖြစ် ဇူလိုင် ၆ ရက်က ကစားခဲ့သည့် မြဝတီအက်ဖ်စီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်၏ ပွဲချိန် ၈၉ မိနစ်တွင် ရတနာပုံအက်ဖ်စီအသင်းက ချေပဂိုးသွင်းယူခဲ့ပြီးနောက် ကွင်းလယ်ဒိုင်လူကြီးက ဖြစ်ဒဏ်ဘောသတ်မှတ်ပေးခြင်း မရှိဘဲ ရတနာပုံအက်ဖ်စီအသင်းကို ဂိုးအဖြစ် ခွင့်ပြုပေးခဲ့သည့်အတွက် မြဝတီအက်ဖ်စီအသင်း ကစားသမားများနှင့်နည်းပြအဖွဲ့ဝင်များက ပြိုင်ပွဲတာဝန်ရှိသူများကို အုပ်စုလိုက်ပြင်းပြင်းထန်ထန် စောဒကတက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်အတွက် မြန်မာနေရှင်နယ်လီဂ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ကွင်းလယ်ဒိုင်လူကြီးကို ရိုင်းပျစ်စွာ ပြင်းပြင်းထန်ထန်စောဒကတက်ခဲ့သည့် မြဝတီအက်ဖ်စီအသင်းနည်းပြအဖွဲ့ဝင်များနှင့်ကစားသမားများ၏လုပ်ရပ်အတွက် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ကော်မတီက စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ကိုယ်ထိလက်ရောက်ကျူးလွန်ပြီး စောဒကတက်ခဲ့သည့် မြဝတီအက်ဖ်စီအသင်းမှ သော်ဇင်ထွေးကို လေးပွဲပယ်နှင့် ဒဏ်ကြေးငွေကျပ်၄၀၀၀၀၀၊ ရိုင်းပျစ်စွာပြောဆိုခဲ့သည့် မြဝတီအက်ဖ်စီအသင်းမှ သက်ပိုင်ကို၊ ဝေယံဦးတို့ နှစ်ဦးကို ငွေကျပ် ၁၀၀၀၀၀ စီ၊ မြဝတီအက်ဖ်စီအသင်းနည်းပြအဖွဲ့ဝင်များက ကစားသမားများကို မထိန်းသိမ်းဘဲ ပြင်းပြင်းထန်ထန် စောဒကတက်ခဲ့သည့် လုပ်ရပ်အတွက် မြဝတီအက်ဖ်စီအသင်းကို ငွေကျပ် ၁၀ သိန်း ဒဏ်ကြေးငွေ ပေးဆောင်စေရန် ပြစ်ဒဏ်များ အသီးသီး ချမှတ်ခဲ့ကြောင်း သိရသည်။

STA

John Deere Classic ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မရွန်းယန်း ဦးဆောင်

အီလီနွိုက် ဇူလိုင် ၈

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်တွင် ကျင်းပနေသည့် John Deere Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ကင်မရွန်းယန်းကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် အာဒမ်ချန့်၊ ဘရန်ဒန်တော့နှင့် တောင်အာဖရိက ဂေါက်သီးရိုက် ကစားသမား ဂါရစ်ဟစ်ဂိုတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲဦးဆောင်ထားနိုင်ခဲ့သည်။

နိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခံထားရသည့် ကင်မရွန်းယန်းသည် လက်ရှိကမ္ဘာ့အဆင့် ၁၉ နေရာတွင် ရပ်တည်နေပြီး ဒုတိယနေ့ပြီးဆုံးသည်ထိ အကောင်းဆုံးပုံစံပြသထားလျက်ရှိသည်။

ကင်မရွန်းယန်းသည် ၂၀၂၂ ခုနှစ်တွင် တစ်နှစ်တာအကောင်းဆုံးမျက်နှာသစ်ဂေါက်သီးရိုက် ကစားသမားအဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးသော PGA Tour အောင်မြင်မှုကိုဆွတ်ခူးနိုင်ရန် ကြိုးစားနေရဆဲဖြစ်သည်။

ကင်မရွန်းယန်းက "ဒုတိယနေ့ အထိတော့ အကောင်းဆုံးကစားထားနိုင်ပါတယ်။ အမှတ်ပေးဇယားမှာ ဦးဆောင်နေသူတစ်ဦးအနေနဲ့ ရပ်တည်ခွင့်ရနေတာကို ဝမ်းသာဂုဏ်ယူပါတယ်။ ရလဒ်တွေကတော့ ကွာဟမှု ကျဉ်းမြောင်းပါတယ်။ အားလုံးကလဲ ချန်ပီယံဆုအတွက် အကောင်းဆုံးကြိုးစားနေကြတယ်" ဟု ပြောကြားခဲ့သည်။ AZL

အယ်အာလီအသင်းက နည်းပြဆီမြွန်နီကို တစ်နှစ်လုပ်ခယူရို သန်း ၄၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်

ရိုယာ့ဒ် ဇူလိုင် ၈

ဆော်ဒီပရိုလီဂ် ထိပ်တန်းအသင်း တစ်သင်းဖြစ်သည့် အယ်အာလီအသင်းက အေတီကို အသင်းနည်းပြ ဆီမြွန်နီကို တစ်နှစ်လုပ်ခ ယူရိုသန်း ၄၀ ဖြင့် နည်းပြသစ်အဖြစ် ခန့်အပ်ရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟု One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်အာလီ အသင်းသည် လာမည့် ဘောလုံးရာသီအတွက် အသင်းကို အကောင်းဆုံးပြင်ဆင်လျက်ရှိနေပြီး ပြိုင်ဘက်ထိပ်တန်းအသင်းကြီးများနည်းတူ ဥရောပမှ ထိပ်တန်း ကစားသမားများကို ခေါ်ယူမှုပြုလုပ်ထားပြီး ပြီးခဲ့သည့် ရက်ပိုင်းက လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့သည့် တိုက်စစ်မှူး ဖာမင်နိုနှင့် ချဲလ်ဆီးအသင်း ဂိုးသမား မန်ဒီတို့ကို ခေါ်ယူထားသည့် အသင်းဖြစ်သည်။

ထို့ပြင် အခြားပြိုင်ဘက်ထိပ်တန်းအသင်းကြီးများသည် လက်ရှိအပြောင်းအရွှေ့ကာလတွင်ထိပ်တန်းနည်းပြများကို ခန့်အပ်မှုများပြုလုပ်နေသည့်အတွက် အယ်အာလီအသင်းကလည်း ဥရောပမှထိပ်တန်းနည်းပြတစ်ဦးကို ခန့်အပ်လိုသောကြောင့် နည်းပြဆီမြွန်နီကို ဦးစားပေးပစ်မှတ်အဖြစ် ခန့်အပ်လိုနေပြီး တစ်နှစ်လုပ်ခယူရို သန်း ၄၀ ဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြဆီမြွန်နီသည် အေတီကို အသင်းကို ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သည့် ဆယ်စုနှစ် တစ်ခုကျော်ကာလအတွင်း ဆုဖလားကိုးလုံးထိ ရယူပေးထားသူ ဖြစ်ကြောင်း သိရသည်။

STA

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသောဇိမ်ခံနေထိုင်မှုများ

မေဇင်ထွန်း

ယနေ့ခေတ်တွင် စက်မှုလုပ်ငန်းများ၊ နည်းပညာများသည် ပိုမိုအဆင့်မြင့်လာခြင်းကြောင့် ယခင်က အချိန်ကုန်ခံပြီး သွားရသောခရီးများသည် ကား၊ လေယာဉ်၊ သင်္ဘောများ အကူအညီဖြင့် အလျင်အမြန်ခရီးပေါက်လာသည်။ အချိန်ကုန်လည်း သက်သာလာသည်။ ပူပြင်းလာသောအပူဒဏ်များကို အံတုရန်အတွက် လေအေးပေးစက်များ၊ ပန်ကာများ အသုံးပြုလာမှုကြောင့် အေးသောပတ်ဝန်းကျင်များဖြစ်လာသည်။ ပူလောင်နေချိန်တွင် ရေခဲသေတ္တာအတွင်းထည့်ထားသည့် အေးမြသောရေကို သောက်သုံးလိုက်ရခြင်းကြောင့် အမောပြေကာ လန်းဆန်းသွားသည်ဟုထင်ကြသည်။ လူတို့သည် ရှပ်ကြွင်းလောင်စာများကို နည်းလမ်းမျိုးစုံအသုံးပြုမှုဖြင့် လျှပ်စစ်မီးများရရှိလာကြသည်။ ယခင်က မိုးကိုအားထားစိုက်ပျိုးကြသောလယ်ယာ၊ စိုက်ခင်းများကို ရေလှောင်တမံများဖြင့် ရေကိုသိုလှောင်ကာ အလိုရှိတိုင်းရေသွင်းစိုက်ပျိုးနိုင်သဖြင့် ပိုမိုအဆင်ပြေလာသည့်အပြင် အထွက်နှုန်းတိုးစေရန် ဓာတ်မြေသြဇာများအသုံးပြုလာနိုင်သည်။ ယခင်ကာလများကဲ့သို့ အပင်များတွင် အဖျက်ပိုးများ၊ နှံစားပိုးကောင်များ အန္တရာယ်ကို အထူးဂရုစိုက်ပြုစုစရာမလိုဘဲ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးပြုစိုက်ပျိုးလာနိုင်သည်။ အပန်းဖြေကြည့်ရှုရန် တီဗီများ၊ ဆက်သွယ်ရေးလွယ်ကူစေရန် စမတ်ဖုန်းများ၊ သင်ကြားရေးပိုင်းများ၊ လုပ်ငန်းများ၌ စာရင်းဇယားများရေးဆွဲရာတွင် အထောက်အကူဖြစ်စေသော ကွန်ပျူတာများ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရှိလာခြင်းက လူသားတို့အတွက် အလုပ်များအဆင်ပြေလွယ်ကူချောမွေ့မှုများကို ဆောင်ကြဉ်းပေးနိုင်သည်။ အရာရာတိုင်းတွင် အဆိုးနှင့်အကောင်းသည် ဒွန်တွဲနေတတ်သည်။ နည်းပညာမြင့်ပစ္စည်းများက လူသားတို့၏ လူနေမှုဘဝကို အဆင်ပြေမှုများသာမက ဘေးထွက်ဆိုးကျိုးများကိုလည်း ဆောင်ယူလာပေးသည်။ ထိုသို့နည်းပညာမြင့်ပစ္စည်းများထဲမှ ဇိမ်ခံရန်အတွက် သက်သက်ထုတ်လုပ်ထားသော ဇိမ်ခံပစ္စည်းများလည်းရှိသည်။ ထိုပစ္စည်းများကို ပိုင်ဆိုင်သောသူများ၏ ချမ်းသာကြွယ်ဝမှု၊ သုံးစွဲနိုင်မှု၊ အဆင့်အတန်းရှိမှုတို့ကို ဖော်ကျူးနေသောပြယုဂ်များဖြစ်ကြသည်။ ထိုသို့ ဇိမ်ခံပစ္စည်းများကို ဝယ်ယူအသုံးပြုရာတွင် ပတ်ဝန်းကျင်ကို မထိခိုက်စေရန်လိုအပ်သည်။

ငွေကြေးဖြင့် အရာအားလုံးကို ဝယ်ယူ၍မရဟုပြောကြသော်လည်း ကိစ္စအတော်များများကို ငွေနှင့်ဖြေရှင်းနိုင်သည်။ စည်းစိမ်ဥစ္စာဟူသမျှသည် အနတ္တဖြစ်ပါသော်လည်း ကမ္ဘာပေါ်တွင် ဘီလျံနာများနှင့် သန်းကြွယ်သူဌေးများ၏ နေထိုင်မှုပုံစံများသည် အားကျဖွယ်ရာပင်ဖြစ်သည်။ စျေးကြီးသော ကိုယ်ပိုင်ဂျက်လေယာဉ်များဖြင့် ကမ္ဘာအနှံ့ခရီးသွားခြင်း၊ ပြောင်လက်ကာ ခေတ်မီလှပလွန်းလှသော ကားများ ဝယ်ယူအသုံးပြုခြင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် အိမ်ကြီးအိမ်ကောင်းများကို ဝယ်ယူကာပိုင်ဆိုင်ထားခြင်း၊ ဇိမ်ခံဟိုတယ်များတွင် စားသောက်ခြင်းမှသည် စျေးကြီးလွန်းလှသည့် အကောင်းမွန်ဆုံးသော အထည်များကို ဝတ်ဆင်ခြင်းထိရှိသည်။ ၎င်းတို့သည် ချမ်းသာသူများ၏ ခမ်းနားလှသောနေထိုင်မှုပုံစံများဖြစ်ကြသည်။ ထိုသို့သော လူနေမှုပုံစံကို ပိုင်ဆိုင်နိုင်ရန်မှာ လူများစွာ၏ အိပ်မက်ဖြစ်သည်။

စီးပွားရေး သုတေသနပြုချက်အရ ကမ္ဘာပေါ်တွင် အချမ်းသာဆုံးပုဂ္ဂိုလ်တို့သည် ၎င်းတို့သက်တမ်းတစ်လျှောက် စုဆောင်းထားသော အရင်းအမြစ်များနှင့်ပိုင်ဆိုင်မှုများဖြင့် ကမ္ဘာတစ်ခုလုံး၏ ထက်ဝက်ကို ငွေကြေးထောက်ပံ့နိုင်သည်။ ဇိမ်ခံနေထိုင်မှုသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကို အပြင်းအထန် အကျပ်ရိုက်စေသည်။ ကြွယ်ဝသောလူနေမှုပုံစံသည် အလွန်ကြီးမားသော ကာဗွန်ခြေရာကို ဖြစ်ပေါ်စေသည်။ ကမ္ဘာပေါ်ရှိလူတိုင်းသည် ထိုမျှလောက်ချမ်းသာ

လာပါက သဘာဝပတ်ဝန်းကျင်သည် အလျင်အမြန်ပင် ယို့ယွင်းလာပေမည်ဖြစ်ပေသည်။ သိပ္ပံနည်းကျ လေ့လာချက်များအရ အမေရိကန်တွင် ထိပ်တန်းလူချမ်းသာ ၁၀ရာခိုင်နှုန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုသည် နိုင်ငံလုံးဆိုင်ရာ လူဦးရေ၏ခြောက်ဆခန့်ရှိကြောင်း ညွှန်ပြခဲ့သည်။ ထိုသည်မှာ ယုံကြည်နိုင်ဖွယ်မဖြစ်နိုင်သော်လည်း အောက်ပါအချက်များဖြင့် ထောက်ရှုကြည့်ပါက ဖြစ်နိုင်သည်။ ဥပမာ-ခရီးသွားခြင်း ချမ်းသာသူများသည် ကိုယ်ပိုင်ဂျက်လေယာဉ်များနှင့် လောင်စာဆီသုံးစွဲမှု မြင့်မားသောယာဉ်များကို ပိုင်ဆိုင်ကြသည်။ ထိုသို့ ယာဉ်များမှထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့ ဖန်လုံအိမ်ဓာတ်ငွေ့များသည် ပမာဏအလွန်များပါသည်။ ကိုယ်ပိုင်ဂျက်လေယာဉ်တစ်စင်းမှ ထွက်သော ကာဗွန်ဓာတ်ငွေ့သည် ကားတစ်စင်းထက် အဆတစ်ရာကျော် ပိုမိုထုတ်လွှတ်သည်။ ထိုသည်ကို လေ့လာကြည့်ခြင်းဖြင့် သာမန်လူတစ်ဦးတစ်ယောက်အတွက် ကိုယ်ပိုင်ကားရာပေါင်းများစွာ ပိုင်ဆိုင်ရန်မှာ မဖြစ်နိုင်သကဲ့သို့ အချို့သောစားဝတ်နေရေး ကျပ်တည်းသောသူများတွင် ကားဝယ်ရန်မဆိုထားနှင့် ၎င်းတို့၏အသက်ရှင်ရပ်တည်ရေးအတွက်ပင် အနိုင်နိုင်ရုန်းကန်နေကြရသည်။ ချမ်းသာကြွယ်ဝသူတစ်ဦးချင်းစီ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် သဘာဝစွမ်းအင်၊ ရှပ်ကြွင်းလောင်စာအရင်းအမြစ်များစွာကို အသုံးပြုထားသောကြောင့် ၎င်းအရာအားလုံးသည် ကာဗွန်ခြေရာကို တိုးမြင့်စေသည်။ အဆိုးဆုံးမှာ ထုတ်လုပ်ထားသောထုတ်ကုန်များကို လူတစ်ဦးချင်းစီကအပြည့်အဝအသုံးမချဘဲနှင့် အလေအလွင့်များလျက်ရှိသည်။

ထိုအလေအလွင့်ဖြစ်မှုများကို တားဆီးရန်အတွက် ချမ်းသာသူများသည် အများသူငါသယ်ယူပို့ဆောင်ရေးလမ်းကြောင်းကို လက်ခံကျင့်သုံးသင့်သည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကိုပိုဖြစ်စေသော ကိုယ်ပိုင်လေယာဉ်များ ပျံသန်းမည့်အစား အများပိုင်လေကြောင်းလိုင်းများ၌ ပထမတန်းစားတွင် စီးနိုင်သည်။ ကားအမြောက်အမြားမလိုအပ်ဘဲ ဝယ်ယူထားခြင်းထက် လိုအပ်သည်ကိုသာ အနည်းအကျဉ်း ဝယ်ယူထားသင့်သည်။

အချို့ချမ်းသာသောသူဌေးများသည် အိမ်ရာများစွာဝယ်ယူရခြင်းကို နှစ်သက်ကြသည်။ ထို့ကြောင့် ဘီလျံနာများသည် ပြည်နယ်နှင့် ခရိုင်များတစ်လျှောက်တွင် အိမ်များစွာကို ဝယ်ယူထားလေ့ရှိကြသည်။ ထိုသို့ဝယ်ယူထားသော အိမ်များကို အားလုံးအသုံးမပြုဘဲ အချို့အိမ်များကို သည်အတိုင်းထားသည်ကို မြင်ဖူးကြပေလိမ့်မည်။ အိမ်များတည်ဆောက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ ယနေ့ကမ္ဘာပေါ်ရှိ စုစုပေါင်းစွမ်းအင်သုံးစွဲမှု၏ ၄၁ ရာခိုင်နှုန်းသည် ဆောက်လုပ်ရေးလုပ်ငန်းက သုံးစွဲနေခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အား၏ လေးပုံသုံးပုံခန့်ကိုလည်း အဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက် လည်းကောင်း၊ အထူးသဖြင့် နေအိမ်များတွင် လည်းကောင်း အသုံးပြုသည်။

ထိုသည်မှာ စွမ်းအင်များကို မလိုအပ်ဘဲ အများကြီးဖြုန်းတီးနေခြင်းပင်ဖြစ်သည်။ မိမိတို့၏ သဘာဝအခြေအနေမှ ဆောက်လုပ်ရေးပစ္စည်းများ ထုတ်ယူခြင်းလုပ်ငန်းစဉ်သည် သဘာဝပတ်ဝန်းကျင်နှင့်မကိုက်ညီပါ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်သော ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ဂေဟစနစ်ကိုပျက်စီးစေပြီး ဆောက်လုပ်ရေးအတွက် လိုအပ်သောသစ်များ ခုတ်ထွင်မှုကြောင့် သစ်တောများပြုန်းတီးကာ ရှုခင်းများကိုပျက်စီးစေသည့်အပြင် တူးဖော်မှုများကြောင့်လည်း မြေဆီလွှာများတွင် ထိခိုက်မှုများဖြစ်ပွားရသည်။

သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးခြင်းအားဖြင့် သဘာဝသယံဇာတအရင်းအမြစ်များကို လွန်လွန်ကဲကဲ အသုံးမပြုရန်လိုသည်။ အိမ်တစ်လုံးဆောက်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် စိမ်းလန်းသောဆောက်လုပ်ရေး ဒီဇိုင်းများနှင့်ပတ်သက်၍ အကြံဉာဏ်ပေးနိုင်သည့် သဘာဝပတ်ဝန်းကျင်ကျွမ်းကျင်သူများနှင့် တွေ့ဆုံသင့်သည်။ ဥပမာအားဖြင့် လူနေအိမ်နှင့် ပိုင်ဆိုင်မှုများကို ကာကွယ်ရန် သတ္တုတံခါးအစား သစ်သားတံခါးကို သုံးနိုင်သည်။

ထို့ပြင် ချမ်းသာသူအများစုသည် အိမ်ဆောက်လုပ်ရာတွင် ရေကူးကန်များ၊ ရေဝင်ပေါက်များနှင့် ရေပူကန်များကဲ့သို့သော အပန်းဖြေခြင်းဆိုင်ရာအရာများကို ထည့်သွင်းဆောက်လုပ်လေ့ရှိကြသည်။ ထိုသို့သော အရာများထည့်သွင်းဆောက်လုပ်ခြင်းက ရေနှင့်မြေကိုများစွာဆုံးရှုံးစေသည်။ ထိုသို့အရာအများစုအတွက် ရေလှောင်ကန်အတွင်း ရေများအဆက်မပြတ်ရှိနေရန်လိုအပ်သည်။ ချမ်းသာသူ အများစုသည် ပြန်လည်အသုံးပြုခြင်းလုပ်ငန်းစဉ်ကို မေ့လျော့ထားကြသဖြင့် ရေအလေအလွင့်များ ပိုများလာသည်။

အထက်ပါအကြောင်းအရာများကြောင့် ချမ်းသာသူများသည် သဘာဝတရားကို ပျက်စီးအောင်ပြုလုပ်နေသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ လူအဖွဲ့အစည်းကို အပြုသဘောဆောင်ကာ ကာကွယ်ထိန်းသိမ်းပေးနေသော လူချမ်းသာများ၏ ကြိုးပမ်းအားထုတ်မှုများကို မျက်ကွယ်ပြုရန်ကြိုးစားနေခြင်းမဟုတ်ပေ။ ကမ္ဘာတစ်ဝန်းလုံးရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်များကို ပံ့ပိုးကူညီပေးသူ အများစုမှာ ချမ်းသာသောသူများပင်ဖြစ်ပေသည်။ ထိုသို့သောလုပ်ရပ်များမှာ အသိအမှတ်ပြုထိုက်ကာ ချီးကျူးသင့်ပေသည်။ ထို့ပြင် ချမ်းသာသူများ မလိုအပ်ဘဲအသုံးပြုနေသော ဇိမ်ခံအသုံးအဆောင်များကို လျှော့ချခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ဗဟုသုတအနေဖြင့် ရေးသားလိုက်ရပါသည်။

ကိုးကား

- **Luxurious Living impact on The Environment**

ဘားအံမြို့နယ်၌ မြစ်မ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ဘားအံ ရူလိုင် ၈

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကော့ကဒါအုပ်စု ကော့ခလိုင်စိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရွာလယ်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့သည်။

ကော့ခလိုင်စိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

ဆိုဆို

အဆိုတော် ရွှေထူး၊ ရွှေမှုံရတီနှင့် ငွေမှုံရတီတို့၏ ဆွေး တေးသီချင်း MV ထွက်ရှိလာ

ရန်ကုန် ဇူလိုင် ၈

အဆိုတော် ရွှေထူး၊ ရွှေမှုံရတီနှင့် ငွေမှုံရတီတို့၏ ဆွေး တေးသီချင်း Music Video (MV) ဇူလိုင် ၇ ရက်က ထွက်ရှိလာကြောင်း အဆိုတော် ရွှေထူးက ပြောပြ၍ သိရသည်။

အဆိုပါ ဆွေး တေးသီချင်း MV ကို ဒါရိုက်တာ Jason Blip က တာဝန်ယူရိုက်ကူးထားခြင်း ဖြစ်ပြီး အဆိုတော် ရွှေထူး၊ ရွှေမှုံရတီနှင့် ငွေမှုံရတီတို့က ကိုယ်တိုင်သီဆို သရုပ်ဆောင်ထားကြောင်း၊ ဆွေး တေးသီချင်းကို အဆိုတော် ရွှေထူးက ရေးသားထားကြောင်း သိရသည်။

"ကျွန်တော်ရယ်၊ ရွှေမှုံရယ်၊ ငွေမှုံရယ် သီဆိုထားတဲ့ ဆွေးဆိုတဲ့ သီချင်းလေးပါ။ ဆွေးဆိုတဲ့ သီချင်းအတိုင်းပဲ အဆွေးခံစားချက်လေး ခံစားရမှာပါ။ သီချင်းပုံစံလေးက အဆွေးပုံစံလေးပေါ့။ အဓိက ကတော့ ငွေမှုံရတီကို မွေးနေ့လက်ဆောင်ပေးတဲ့အနေနဲ့ ကျွန်တော် ရေးပေးထားတဲ့ သီချင်းလေးပါ။ ကျွန်တော်ကလဲ သီချင်းတစ်ပုဒ်ရေးရင် နှစ်နှစ်လောက်စောင့်ရတော့ ဒီသီချင်းထွက်လာတော့ ရွှေမှုံကလဲ ဝင်ဆိုမယ်ဆိုပြီး ပြောတယ်။ ငွေမှုံရတီကလဲ သဘောတူတာနဲ့ သုံးယောက် အတူတူဆိုဖြစ်သွားတာပါ"ဟု အဆိုတော် ရွှေထူးက ပြောပြသည်။

အဆိုတော် ရွှေထူး၊ ရွှေမှုံရတီတို့သည် အမှား တေးသီချင်းဖြင့် ပရိသတ်များ၏ အသိအမှတ်ပြုခြင်းခံခဲ့ရပြီး အဆိုတော် ငွေမှုံရတီနဲ့ အဆိုတော် ရွှေထူးတို့ သီဆိုခဲ့သည့် ဖြေ၊ မိုးရေစက်များက ပြောသော သီချင်းတို့ကလည်း ပရိသတ်ကြိုက်နှစ်သက်မှု များစွာ ရရှိခဲ့ကြောင်း သိရသည်။ ASH

Den of Thieves-2:Pantera ၌ မင်းသား မိုက်ကယ်ဘစ်ပင်း ပါဝင်မည်

နယူးယောက် ဇူလိုင် ၈

Den of Thieves-2: Pantera ဇာတ်ကားတွင် မင်းသား မိုက်ကယ်ဘစ်ပင်း ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

မူလ Den of Thieves(2018) တွင် မင်းသား မိုက်ကယ်ဘစ်ပင်းသည် မင်းသား ဂျရတ်ဘတ္တလာနှင့် အတူ သရုပ်ဆောင်ခဲ့ဖူးသည်။

ထို့ပြင် မိုက်ကယ်ဘစ်ပင်းသည် အထက်ပါဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည့် Den of Thieves-2: Pantera ဇာတ်ကားတွင်လည်း ထပ်မံပါဝင်မည်ဖြစ်ကြောင်း Den of Thieves-2: Pantera ဇာတ်ကားတွင် မင်းသား ဂျရတ်ဘတ္တလာပင် အဓိကဇာတ်ကောင်နေရာ၌ ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ခံပညာမျိုးစုံ အားကစားပြိုင်ပွဲ (MMA) ၏ နာမည်ကျော်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် မိုက်ကယ်ဘစ်ပင်းသည် XXX: The Return of Xander နှင့် Triple Threat ကဲ့သို့ အက်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ဖူးသူဖြစ်ကြောင်း၊ Den of Thieves-2: Pantera ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ခရစ္စတီယန်ဂူဒီဝတ်က ကိုယ်တိုင်ရေးသား၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ KKO

ပြည်ပနိုင်ငံများရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာမင်္ဂလာဆင်ရုပ်များ တင်ပို့မည်

ရန်ကုန် ဇူလိုင် ၈

ပြည်ပနိုင်ငံများရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာမင်္ဂလာဆင်ရုပ်များ တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယံဇာတကျွန်းမြို့နယ်ရှိ မြန်မာမက္ကိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပနိုင်ငံများတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များရှိပြီး အဆိုပါအရောင်းဆိုင်များက မြန်မာအမှတ်တရပစ္စည်းများကို မှာယူလေ့ရှိကြောင်း၊ ဇူလိုင်လပထမက မင်္ဂလာဆင်ရုပ်များကို အဓိကမှာယူလျက်ရှိသည့်အတွက် ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

"ဒီလထဲမှာတော့ အလျား ၁၂ လက်မ၊ အမြင့် ၁၀ လက်မရှိတဲ့ မင်္ဂလာဆင်ရုပ်တွေကို အမှာများပါတယ်။ အသားကတော့ ပိတောက်သား၊ ယမနေသားတို့နဲ့ ထုလုပ်ထားတာဖြစ်ပါတယ်။ ဒီလမကုန်မီ အရုပ် ၁၀၀ တင်ပို့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်ပိုင်အလုပ်ရုံကပဲ ထုလုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တွင်းရောင်းဈေးကတော့ မင်္ဂလာဆင်ရုပ်တစ်ရုပ်ကို ငွေကျပ် ၁၅၀၀၀ လောက်ကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များသာမက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ ASH

Challengers ဇာတ်ကားကို ပင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသမည်

နယူးယောက် ဇူလိုင် ၈

ကမ္ဘာကျော်မင်းသမီး ဇန်ဒါးယား ပါဝင်သရုပ်ဆောင်ထားသော Challengers အမည်ရှိ ဒရာမာဇာတ်ကားကို ယခုနှစ်တွင် ကျင်းပမည့် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

Challengers ဇာတ်ကားတွင် မင်းသမီး ဇန်ဒါးယားနှင့် အတူ မင်းသား ဂျို့အိုကွန်နာနှင့် မိုက်ဖိုက်တို့လည်း ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားကို ရုံတင်ပြသခြင်းမပြုမီ ယခုနှစ် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသရန် ဂေါ်ဒွင်မေယာရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ လူကာဂွါဒါဂျီနီနိုရိုက်ကူးထားသည့် Challengers ဇာတ်ကားကို ယခုနှစ် စက်တင်ဘာလတွင် ကမ္ဘာတစ်ဝန်း ရုံတင်ပြသမည်ဖြစ်ပြီး ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်(၂၀၂၃)ကို အီတလီနိုင်ငံ ဗင်းနစ်မြို့၌ သြဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၉ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော် ပထမရက်ဖြစ်သည့် သြဂုတ် ၃၀ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

KKO

SO တေးသီချင်းပြိုင်ပွဲကို သြဂုတ်လအတွင်း Channel 9 နှင့် Sky Net Music Channel တို့မှ ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇူလိုင် ၈

SO ကိုယ်ပိုင်သံစဉ် တေးရေး၊ တေးဆို တေးသီချင်းပြိုင်ပွဲကို သြဂုတ်လအတွင်း Channel 9 နှင့် Sky Net Music Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ တေးသီချင်းပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ပေးမည့် ဂီတမှူး မောင်မောင်လွင်က ပြောပြ၍ သိရသည်။

SO ကိုယ်ပိုင်သံစဉ်တေးရေး၊ တေးဆို တေးသီချင်းပြိုင်ပွဲကို သြဂုတ်လ ဒုတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်းအတွင်း ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်များ၏အသက်အရွယ်ကို ကန့်သတ်ထားခြင်းမရှိဘဲ တေးရေးပြိုင်ပွဲနှင့်တေးဆိုပြိုင်ပွဲကို တစ်ပြိုင်တည်းကျင်းပပေးမည့် ဂီတပြိုင်ပွဲတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲက ဂီတလောကမှာ တေးရေးနဲ့တေးဆို ဂီတမျိုးဆက်သစ်တွေပေါ်ထွန်းလာစေဖို့ မြေတောင်မြှောက်ပေးဖို့ ရည်ရွယ်ထားပါတယ်။ ပြိုင်ပွဲမှာ Judge အနေနဲ့ တေးရေးဆရာ မြင့်မိုးအောင်၊ အဆိုတော် ချောစုခင်၊ တေးရေးတေးဆို ဝေကြီး၊ ဂီတမှူး မောင်မောင်လွင်တို့ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပြီး Host အနေနဲ့ အောင်ပြည့်ဖြိုးက တင်ဆက်ပေးမှာပါ"ဟု ဂီတမှူး မောင်မောင်လွင်က ပြောပြသည်။

အဆိုပါ ပြိုင်ပွဲကြီးတွင် အနိုင်ရရှိသူများကို ဆုချီးမြှင့်ရာတွင် Grand Final Winner (Song-Writer)တေးရေးအတွက် ပထမဆုကို ငွေကျပ် ၄၅ သိန်း၊ Grand Final Winner (Singer) တေးဆိုအတွက် ပထမဆုကို ငွေကျပ် ၄၅ သိန်းအပြင် အခြားဆုကြီးများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

Foodstuffs, personal goods, clothes, traditional medicines marketable in Zaygyo Market

Clothing shops in Mandalay Zaygyo Market.

Mandalay July 8

Sales of foodstuffs, personal goods, clothes and traditional medicines resurged at Zaygyo Market in Mandalay, said Chairman of the market board of trustees U Aung Myint Thein.

Zaygyo market is the greatest wholesale centre to distribute clothes, personal goods, foodstuffs, gold ornaments and other products to other markets in Mandalay. As from the first week of July, groceries, clothes and personal goods have been resurging sales at Zaygyo Market.

"Currently, it is the school opening season, so trading of clothes and textile is the most marketable," he explained.

Likewise, clothes imported from China and other personal goods are active on sales at Mandalay Zaygyo Market.

"Zaygyo market is a focal point to distribute clothes and textile, foodstuffs and personal goods to the whole upper Myanmar. Now is the time of surging the trade process at the market, especially for clothes, followed by consumer goods and cosmetics," he added.

Zaygyo market is formed with more than 3,000 shops to sell foodstuffs, clothes and textiles, traditional medicines, gold ornaments and other goods to the customers on a daily basis.

184

Amazon deforestation down by a third in 2023, says Brazilian government

Brasília July 8

Deforestation in Brazil's Amazon fell by 33.6% in the first six months of President Luiz Inácio Lula da Silva's term compared with the same period in 2022, the government says.

Its suggests the rainforest shrank by 2,649 sq km this January-June, down from 3,988 sq km in those six months last year under President Bolsonaro.

The released government satellite data has not been independently verified.

Lula has pledged to end deforestation, or forest clearance, by 2030.

But he faces a huge challenge to achieve this target, as the area of rainforest still reported to be lost under his rule is more than three times the size of New York City.

The past few years have seen an alarming rise in deforestation.

The Amazon rainforest is a crucial buffer in the global fight against climate change.

The new satellite data was presented by Brazil's National Institute of Space Research (Inpe) on Thursday.

"We have reached a steady downward trend in deforestation of the Amazon," Environment Minister Marina Silva told reporters.

Inpe singled out June as the month that saw a record 41% drop in forest clearance compared with the same period last year. BBC

Plans underway to build silting embankments, remove floating islands, dredge silt in Inlay Lake

Nyaungshwe July 8

The Department of Irrigation and Water Utilization Management decided to build small silting embankments, clear floating islands and dredge silt and sandbanks in Inlay Lake in 2023-24 financial year.

Inlay Lake plays a key role in tourism industry of Shan State. Travellres can visit Inlay Lake from Nyaungshwe boat jetty, Nanpang market jetty, Khaungtaing village jetty and other jetties by boat.

With the aim of ensuring sustainable conservation and greening the lake, embankments will be built to prevent silt in 2023-24 financial year with removal of floating islands and dredging sand and silt.

By so doing, the department will spend more than K700 million on conservation of the lake. In this regard, three small embankments will be built at three creeks which flow into the Inlay Lake.

A plan is underway to remove some 100 acres of floating islands in the lake. Moreover, some 50,000 suddles of sand and silt will be dredged in the lake.

In 2022-23 financial year, the budget of the union was sent on building small embankment to prevent silt in three creeks flowing into the lake with removal of 68 acres of floating islands as well as dredging some 60,000 suddles of silt. 336

Fukushima: China extends ban on some Japanese food over wastewater release plan

Fukushima nuclear plant in February 2021.

Beijing July 8

China says it will maintain a ban on some Japanese food imports over the plan to release water from the wrecked Fukushima nuclear plant into the ocean.

China's customs administration said it would also implement radiation tests on food from other parts of the country.

South Korea is also maintaining a similar ban but says the proposed release meets international standards.

On Wednesday the UN's nuclear watchdog said it would have "negligible impact" on the environment.

On Friday Japan's nuclear regulator also gave its approval.

In 2011, a tsunami triggered by a magnitude 9.0 earthquake flooded three reactors of the Fukushima Daiichi Nuclear Power Plant. It is regarded as the world's worst nuclear disaster since Chernobyl.

More than 150,000 people were evacuated from an exclusion zone around the plant, which remains in place. Decommissioning of the plant has also started, but the process could take decades.

Meanwhile the equivalent of around 500 Olympic-sized swimming pools worth of water has amassed at the nuclear facility, according to Reuters news agency. BBC

Over 450,000 tourists visit Myanmar from January to the end of June 2023, mostly from China and Thailand

Nay Pyi Taw July 8

More than 450,000 tourists visited Myanmar from January to the end of June 2023, with the largest number of tourists coming from China and Thailand, according to Daw Myo Myo Than, director of the Ministry of Hotels and Tourism.

In the six-month period of tourists entering Myanmar, tourists from China, Thailand, South Korea, Japan, India, Vietnam, Malaysia and Singapore are visited, and most of the tourists are from China and Thailand.

"Over six months of this year, more than 450,000 foreign tourists have entered Myanmar. Compared to last year, the number of foreign tourists has improved this year. Since the reopening of international airlines in Myanmar in April 2022, more than 230,000 foreign tourists have arrived," said Daw Myo Myo Than.

In order to develop Myanmar's tourism industry, Myanmar allows tourists from more than 100 countries to enter with e-Visa, makes visa relaxation and online announcement of destinations, develops the community-based destinations by region and state, and nature-based destinations.

ASH

Plans to finish Danyingon wholesale market in Insein Township in 2027

Food stalls of Danyingone Wholesale Market under construction.

Yangon July 8

Myanmar Agro Exchange Public Co Ltd is taking responsibilities for construction of the wholesale market at the junction of Shwepyitha bridge road and Pale road in Insein Township of Yangon Region for its finishing at the end of 2027, said CEO U Aung Gyi of Myanmar Exchange Public Co Ltd.

So far, construction of the wholesale market has completed by 47 per cent.

"Four complexes of the market allow shopkeepers for trading the goods. So, sellers started their businesses at the fruit, vegetable, kitchen crop and farmer ground market. Remaining complexes of the market are under construction," said U Aung Gyi.

The new market construction started in early 2016, and it will comprise seven complexes. So far, the construction of the market has completed by 47 per cent in March 2022-23 financial year, spending US$47.25 billion on construction.

ASH

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

More than 210 SME businesses allowed for registration of SME members this financial year

Mandalay July 8

Various industries in Mandalay Region applied for SME members this financial year, and membership registrations have been issued to these industries, said director U Myo Htut Swe of Mandalay Region Industrial Supervision and Inspection Department.

The department gives online registration for SME businesses for their development. This fiscal, the department set a plan to issue SME membership cards to 475 industries. So far, 210 membership cards have been issued to relevant industries.

"Our department conducts training to businesspersons and employers with techniques and new advice for development of industries. Application of new membership is being given services online. Renewal of registration is being allowed. We issued membership applications to 253 industries in previous year, compared to 210 membership cards this year," the director explained.

Businesspersons from foodstuff industries, garment factories, weaving industries, natural cosmetic production, jam industries, traditional foodstuff industries, sculpture and stone carving industries as well as hotels and tourism services applied for membership cards of the SME businesses. 185

A local small industry in operation.

Myanmar uses the method of self-fertilization in over 1,200 cows to improve the livestock sector

Magway July 8

The department is planning to use the method of self-fertilization in more than 1,200 cows during July in 2023-2024 FY to improve the breeding sector in Magway Region, according to Dr. U Win Myint, Director of Livestock Breeding and Veterinary Department for Magway Region.

In order to improve the livestock sector, it is reported the method of self-fertilization is being done monthly in this fiscal year.

"In order to improve the breeding sector in Magway Region, the department has purchased 25 large nitrogen gas cylinders and 25 small nitrogen gas cylinders with the regional support fund 37.5 million kyats in the 2019-2020 FY and Good Brother Cattle Breeding Company has donated 10 large nitrogen gas cylinders and 28 small nitrogen gas cylinders to the department. So there were 35 large and 53 small nitrogen gas cylinders for the breeding business, which were distributed to the townships in the region," Director U Win Myint said.

Pho Htet (Minbu)

A cow farm.

Labutta Township to grow 1,370 acres of three monsoon crops this cultivation season

Labutta July 8

Monsoon crops will be grown on 1,370 acres of land in Labutta Township, Labutta District, Ayeyawady Region, this monsoon cultivation season, according to the Township Agriculture Department.

The cultivation will start in July with 99 acres of pigeon pea, 126 acres of sugarcane and 1,145 acres of tapioca.

"We will be growing 1,370 acres of three monsoon crops this season. In the previous months, we helped the farmers with their land repair and reclamation. They will be grown this month. We are now taking measures for prevention of pests and higher yields of crops as an educational campaign. We will help them with their harvest as well," said U Myo Aung, head of the Township Agriculture Department.

The department is cooperating with other related departments in growing those crops more successfully by having meetings with local farmers.

Kyaw Kyaw Lin

နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

နော်ဝေသို့ အမေရိကန်ဒေါ်လာ ၂၉၃ သန်းတန် SDB II အသေးစားပုံးသီးများရောင်းချရန် အမေရိကန်ခွင့်ပြု

နော်ဝေနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၉၃ သန်းတန် Small Diameter Bomb II (SDB-II) အသေးစားပုံး အလုံး ၆၀၀ နှင့်ဆက်စပ်ပစ္စည်းများရောင်းချရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုနှစ် ဇွန် ၂၈ ရက်တွင် ခွင့်ပြုချက်တစ်ရပ်လက်ခံရရှိခဲ့ကြောင်း Aviation Defense News သတင်းများ၌ ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြချက်များအရ သိရသည်။

သဘောတူညီချက်အရ နော်ဝေနိုင်ငံသည် အသေးစားပုံး GBU-53/B Small Diameter Bombs-Increment II (SDB-II) All-Up-Rounds (AURs) အမျိုးအစား အလုံး ၅၈၀ ထိဝယ်ယူရန် စိတ်ဝင်စားကြောင်းပြောကြားခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ သန်းတန်ဖိုးရှိသော GBU-53/B SDB-II AURs အလုံး ၂၀ ဖြင့် ကနဦးဝယ်ယူခဲ့မှုအပေါ် ထပ်ပေါင်းဖြည့်ဆည်းသွားမည်ဖြစ်သည်။

လက်ရှိဝယ်ယူရေးဆိုင်ရာ ဖြည့်စွက်ပြင်ဆင်ချက်သည် အကြောင်းကြား၊ သတ်မှတ်ချက် စည်းမျဉ်းများကိုကျော်လွန်နေသောကြောင့် ဝယ်ယူမှုဖြစ်စဉ်တစ်ခုလုံးအတွက် အပြည့်အဝအသိပေးရန် လိုအပ်သည်။ ထို့ကြောင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝယ်ယူရေးဆိုင်ရာ အသိပေးချက်တွင် SDB-II AURပုံးသီး အရေအတွက်မှာ စုစုပေါင်းအလုံး ၆၀၀ ဖြစ်နေခြင်းလည်းဖြစ်သည်။

အဆိုပါ ဝယ်ယူရေးပက်ကေ့ချ်တွင် လက်နက်ခဲယမ်းထောက်ပံ့ရေးနှင့်စက်ကိရိယာများ၊ ဆော့ဖ်ဝဲပံ့ပိုးပေးခြင်း၊ အပိုဆက်စပ်ပစ္စည်းများ၊ ပြုပြင်ခြင်းနှင့် ပြန်လည်ပြင်ဆင်ပေးအပ်ခြင်း၊ ကြံ့ခိုင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းဆိုင်ရာပံ့ပိုးမှု၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ တပ်ဖွဲ့ဝင်များလေ့ကျင့်သင်တန်းပေးရေး၊ လက်စွဲစာစောင်များ၊ အမေရိကန်အစိုးရနှင့် ကန်ထရိုက်တာအင်ဂျင်နီယာပညာရှင်များက နည်းပညာဆိုင်ရာ အကူအညီပေးမှုနှင့် အခြားဆက်စပ်သော အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာဝန်ဆောင်မှုများအားလုံး ပါဝင်မည်ဖြစ်သည်။

Small Diameter Bomb Increment II (SDB II) ဟု သိကြသော GBU-53/B Storm Breaker အသေးစားပုံးများသည် အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားပြီး ဝေဟင်မှပစ်လွှတ်သည့် တိကျလမ်းညွှန်လေဟုန်စီးပုံးများ ဖြစ်ကြသည်။

SDB II အသေးစားပုံးပရိုဂရမ်သည် အမေရိကန်လေတပ်နှင့် ရေတပ်တို့ကြားပူးတွဲအကျိုးစီးပွားအတွက် ပဏာမခြေလှမ်းတစ်ရပ်ဖြစ်ပြီး အမေရိကန်လေတပ်ကဦးဆောင်၍ ဆောင်ရွက်လျက်ရှိသည်။

All Up Round ဆိုသည်မှာ Wings နှင့် Fins တောင်ပံများကဲ့သို့ လျင်မြန်စွာချိတ်ဆက်နိုင်သော အစိတ်အပိုင်းများမလွဲ၍ အလုံးစုံတပ်ဆင်ထားသောလက်နက်အဖြစ် ပစ်လွှတ်နိုင်သောပုံးကျည်တစ်စင်းအဖြစ် ရည်ညွှန်းခြင်းဖြစ်သည်။

ဤအခြေအနေတွင် ပုံးကျည်သည် အပိုတပ်ဆင်မှု သို့မဟုတ် ပေါင်းစည်းရန်မလိုအပ်ဘဲ တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။

SDB II ပုံးသီးများ၏ အဓိကရည်ရွယ်ချက်မှာ ဆိုးရွားသောရာသီဥတုအခြေအနေတွင်ပင် (မိုဘိုင်းလ်) ရွှေ့လျားပစ်မှတ်များကို လုံခြုံစိတ်ချရသော အကွာအဝေးမှတိုက်ခိုက်ဖျက်ဆီးနိုင်ရန် တိုက်လေယာဉ်များတွင် သယ်ဆောင်အသုံးပြုနိုင်ရေးပင်ဖြစ်သည်။ အလေးချိန် ပေါင် ၂၅၀ (၁၁၃ ကီလိုဂရမ်)ရှိသော ဗုံးတစ်လုံးကိုဖန်တီးရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၆ ခုနှစ်တွင် စတင်တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ရွှေ့လျားပစ်မှတ်များကို တိကျစွာဖော်ထုတ်၍ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

ဗုံးကိုစမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့ပြီး အမျိုးမျိုးသောတိုက်လေယာဉ်များပေါ်တွင် တပ်ဆင်ပစ်လွှတ်နိုင်သည်။ USAF အတွက် သယ်ဆောင်တိုက်ပွဲဝင်ရန် သတ်မှတ်ထားသောလေယာဉ်မှာ F-15E Strike Eagle ဖြစ်ပြီး ရေတပ်အတွက် သတ်မှတ်ထားသော လေယာဉ်များမှာ F-35B နှင့် F-35C အမျိုးအစားများဖြစ်သည်။

အခြားတိုက်လေယာဉ်နှင့်ဗုံးကြဲလေယာဉ်များဖြစ်သည့် F-16 Fighting Falcon၊ F^A-18E/F Super Hornet၊ F-22 Raptor၊ F-35A Lightning II၊ B-1B Lancer၊ B-2 Spirit၊ B-52 Stratofortress၊ A-10 Thunderbolt II၊ MQ-9 Reaper နှင့် AC-130 တိုက်ခိုက်ရေးလေယာဉ်များတွင်ပါ SDB II အသေးစားပုံးသီးများကို တင်ဆောင်တိုက်ပွဲဝင်နိုင်ရန် ထည့်သွင်းစဉ်းစားလျက်ရှိသည်။

US Approves $293M SDB II Small Diameter Bomb sale to Norway ကို ဘာသာပြန်ဆိုထားပါသည်။

ဖိလစ်ပိုင်က အမေရိကန်ထုတ် HIMARS ဒုံးကျည်စနစ်များနှင့်အိန္ဒိယထုတ် BrahMos ခရူဇဒုံးကျည်များ ဝယ်ယူမည်

ဖိလစ်ပိုင်စစ်ဘက်သည် အမေရိကန်ထုတ် High Mobility Artillery Rocket System (HIMARS) အတွဲလိုက် ဒုံးကျည်စနစ်များနှင့် အိန္ဒိယထုတ် BrahMos ခရူဇဒုံးကျည်များကို ယခုနှစ်ကုန်ပိုင်းတွင် ဝယ်ယူမည်ဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက ဇူလိုင် ၇ ရက်တွင်ဖော်ပြထားသည်။

မကြာသေးမီက Nueva Ecija ပြည်နယ်တွင် ကျင်းပခဲ့သည့် အခမ်းအနားတစ်ခုအတွင်း၌ ဖိလစ်ပိုင်စစ်ဘက်မှ ဒုတိယဗိုလ်ချုပ်ကြီး Romeo Brawner Jr. က အဆိုပါကြေညာချက်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဝယ်ယူရေးအစီအစဉ်သည် ဖိလစ်ပိုင်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာခေတ်မီအဆင့်မြှင့်တင်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ကီလိုမီတာ ၃၀၀ (၁၈၆ မိုင်) အကွာအဝေးရှိပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည့် HIMARS အတွဲလိုက်ဒုံးကျည်စနစ်များသည် အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တပ်ဖြန့်အသုံးပြုခဲ့ကြသည်။

ဖိလစ်ပိုင် စစ်ဘက်အရာရှိများသည် ယခုနှစ် Balikatanပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း တပ်တော်ဝင်ခြင်းမှ ရပ်ဆိုင်းထားသော ပစ်မှတ်ပုံစံတူ စစ်သင်္ဘောတစ်စီးကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သော HIMARSဒုံးကျည်များ၏ စွမ်းဆောင်ရည်ကို တစေ့တစောင်းမြင်တွေ့ခဲ့ရသည်။

"ဖိလစ်ပိုင်စစ်ဘက်မှာ HIMARS ဒုံးကျည်စနစ်တွေမပိုင်သေးပေမဲ့ HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် ဘယ်လိုကိုင်တွယ်အသုံးပြုရမယ်ဆိုတာ အမေရိကန်တပ်ဖွဲ့ဝင်တွေနဲ့အတူ လေ့ကျင့်သင်ကြားထားပြီးဖြစ်ပါတယ်။ ဒီလက်နက်စနစ်အသစ်တွေကိုရပြီဆိုတာနဲ့ ကျွန်တော်တို့မှာ တပ်ဖွဲ့ဖွဲ့စည်းမှု၊ အခြေခံအဆောက်အအုံတွေလုပ်ဆောင်ထားပြီးဖြစ်သလို လက်နက်စနစ်မှာ တာဝန်ပေးအပ်ဖို့လဲ တပ်ဖွဲ့ဝင်တွေအားလုံးကို လေ့ကျင့်သင်ကြားပေးပြီးဖြစ်ပါတယ်"ဟု ဖိလစ်ပိုင်စစ်ဘက်မှ ဒုတိယဗိုလ်ချုပ်ကြီး Romeo Brawner က ရှင်းပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၇၅ သန်းတန်

BrahMos ခရူဇ ဒုံးကျည်များကိုဝယ်ယူရန် ၂၀၂၂ ခုနှစ် ဇန်နဝါရီလက သဘောတူညီမှုရရှိခဲ့သည်။ ယခုနှစ်ကုန်ပိုင်းတွင်အဆိုပါ ဝယ်ယူရေးလုပ်ငန်းစဉ်ကို ပြန်လည်စတင်မည်ဆိုပါက ဖိလစ်ပိုင်နိုင်ငံသည် BrahMos ခရူဇဒုံးကျည်ဝယ်ယူသည့် ပထမဆုံးနိုင်ငံဖြစ်လာရန် အလားအလာရှိကြောင်း သိရသည်။

Philippines to Buy US-Made HIMARS, Indian BrahMos Cruise Missiles ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဧပြီ ၈

၂၀၂၃ ခုနှစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အရှေ့ဘက် သရက်ခြံအနီးဌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိုင်ငံသားတိုင်းသည် တစ်ဦးချင်းအနေဖြင့်သာမက တစ်နိုင်ငံလုံးအနေဖြင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ သစ်တောသစ်ပင်များ နှစ်စဉ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်နိုင်ရေးတို့အတွက် နိုင်ငံသူနိုင်ငံသားများ အနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီးဒေါ်နုမြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အရာထမ်း၊အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ အခမ်းအနားတွင် ရတနာတန်းဝင်ကျွန်းပင် ၃၀၀ စိုက်ပျိုးခဲ့ပြီး ယခင်နှစ်များက စိုက်ပျိုးခဲ့သည့် ကျွန်းပင် ၂၁၀၀၊ အရိပ်ရ လေကာပင်များနှင့် စိန်တစ်လုံးသရက်ပင် ၂၄၅၀ မှာလည်း ရှင်သန်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်း-စဉ်)

ကွမ်းလုံမြို့နယ် ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကွမ်းလုံ ဧပြီ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှောက်မြင်ကျိုင်း၊ တာပန်ချောက်ကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသိန်းမော်နှင့် တာဝန်ရှိသူများက ရှောက်မြင်ကျိုင်း၊ တာပန်ချောက်ကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေဆိုင်ရာ စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာထားရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိတို့ကို

စစ်ဆေးကြပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများက လုပ်ငန်း ဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသရာ ဦးစီးအရာရှိက လုပ်ငန်းများ အောင်မြင်မှုရှိစေရေး စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှောက်မြင်ကျိုင်း၊ တာပန်ချောက်ကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စီမံကိန်းစတုတ္ထနှစ်စက်ဝန်းအတွက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးအတွက် ငွေကျပ် ရှစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးအတွက်ငွေကျပ် ၁၄ သန်းကို ထုတ်ချေးပေးထားပြီး အဆိုပါချေးငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စောဦး(မောရှမ်းမြေ)

ဂွမ်မြို့နယ် ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ဂွ ဧပြီ ၈

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ကျေးရွာအုပ်စု ဆင်ကူးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဂွမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဂွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်လုပ်ကိုင်ရန် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန် စသည်ရည်ရွယ်ချက်များဖြင့် အကျိုးဝင်သောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုသန်း**

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

သက်ရှိကမ္ဘာကြီး ရှင်သန်ရပ်တည်ဖို့...
သဘာဝတောတောင်များ ထာဝရတည်တံ့စေဖို့...
သင့်ဘဝ သန့်ရှင်းကျန်းမာလုပစေဖို့...
နေ့စဉ်နှင့်အမျှ ရှားပါးလာသော
အဖိုးတန်ရေချိုကို ချွေတာကြပါစို့။

မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၈-၇-၂၀၂၃

ဆန်		
ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်)	ကျပ်	၈၈၀၀၀/၉၅၀၀၀
ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်)	ကျပ်	၇၂၀၀၀/၈၆၀၀၀
ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်)	ကျပ်	၇၄၀၀၀/၇၉၀၀၀
မကျမ်းတော(အသစ်) (တစ်အိတ်)	ကျပ်	၈၅၀၀၀/၉၅၀၀၀
မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်)	ကျပ်	၆၀၀၀၀/၆၅၀၀၀
နွေဇီယာ(အသစ်) (တစ်အိတ်)	ကျပ်	၅၅၀၀၀/၅၇၀၀၀
မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်)	ကျပ်	၅၆၀၀၀/၅၈၀၀၀
စားဆီ		
ပဲဆီ (တစ်ပိဿာ)	ကျပ်	၁၂၅၀၀/၁၃၅၀၀
နှမ်းဆီ (တစ်ပိဿာ)	ကျပ်	၁၁၅၀၀/၁၂၀၀၀
နေကြာဆီ (တစ်ပိဿာ)	ကျပ်	၁၂၀၀၀/၁၃၀၀၀
စားအုန်းဆီ (တစ်ပိဿာ)	ကျပ်	၈၅၀၀/၈၆၀၀
ဂေါ်သုံးဆီ		
ဒီဇယ်(ရိုးရိုး) (တစ်လီတာ)	ကျပ်	၂၀၆၀
ဒီဇယ်(ပရီမီယံ) (တစ်လီတာ)	ကျပ်	၂၁၄၀
ဓာတ်ဆီ(တစ်လီတာ)	ကျပ်	၁၈၉၅
အောက်တိန်း(၉၂) (တစ်လီတာ)	ကျပ်	၂၀၃၅
အောက်တိန်း(၉၅) (တစ်လီတာ)	ကျပ်	၂၁၅၅

(သာ ဂေါ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

ဘိလပ်မြေ		
အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၂၀
AAA အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၀၀
Apache အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀
Crown အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၂၀၀
ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀
သံချောင်း		
တစ်မတ်လုံး (တစ်တန်)	ကျပ်	၁၇၀၀၀၀၀
ငါးမူးလုံး (တစ်တန်)	ကျပ်	၁၄၀၀၀၀၀
သုံးမူးလုံး(တစ်တန်)	ကျပ်	၁၃၁၀၀၀၀
ခြောက်မူးလုံး (တစ်တန်)	ကျပ်	၁၂၉၀၆၀၀
ကျပ်လုံး (တစ်တန်)	ကျပ်	၉၉၈၀၀၀
အိမ်မိုးသွပ်		
(၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၁၀၀
(၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၂၅၀
(၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၄၀၀

(၁၉၆)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency- CIDCA) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဇူလိုင် ၉ ရက်မှ ၁၀ ရက်ထိ ကျင်းပမည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံနှင့် ရှမန်မြို့၌ ဇူလိုင် ၁၂ ရက်တွင်ကျင်းပမည့် ၂၀၂၃ ခုနှစ် သမုဒ္ဒရာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတို့သို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ(အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(ငါးခုံးမစမ်း)၌ စုပေါင်းသန့်ရှင်းရေး မဆောင်ရွက်မီ(ဝဲပုံ)နှင့် ဆောင်ရွက်ပြီး (ယာပုံ)ကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၈

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်မည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကိုဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

နံနက်စာကို အသားရော အသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကူညီဆောင်ရွက်လျက်ရှိ

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေး ကျောက်ဖြူမြို့၌ ဇူပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇူလိုင် ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ဇူလိုင် ၇ ရက်တွင် ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကားခါးမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်တို့တက်ရောက်၍ အဖွင့်အမှာစကားများ အသီးသီးပြောကြားပြီး မုန်တိုင်းကြောင့်ပျက်စီးသွားသည့် အဆောက်အုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ အစိုးရအဖွဲ့ဧည့်ရိပ်သာနှင့် ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းအိမ်ရာဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အရှေ့ပိုင်းရပ်ကွက်ရှိ MSME လုပ်ငန်းတစ်ခုဖြစ်သည့် နှင်းတောင်ဂက်သိုက် ထုတ်လုပ်ရေးလုပ်ငန်းမှ ဇီဝဗိုင်ဂက်မွေးမြူထားရှိမှုနှင့် ဂက်သိုက်များ သန့်စင်ထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကို လေ့လာကြည့်ရှုအားပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အခြေခံပညာအထက်တန်းကျောင်း (လက်ဝဲဒက်ပုဇွန်ချောင်း)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လက်ဝဲဒက်ဘော်ဒါ ဆောင်ရှိ ကျောင်းသား၊ ကျောင်းသူများကို ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများပေးအပ်၍ ဒံပေါက်များကျွေးမွေးသည်။ ယင်းနောက် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဓာတ်အားခွဲရုံသို့သွားရောက်ကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပါက လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မှာကြားသည်။

အလားတူ သံတွဲမြို့သို့ရောက်ရှိနေသည့် ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ငပလီမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ငပလီ)ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အရှေ့ပိုင်းမတူပီမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် အိမ်ထောင်စုများအတွက် သွပ်ဓာတုပြားပေါ်ရှိ ၆၄၃၁ ချပ်ကို ထောက်ပံ့ပေးအပ်ရာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးသီပွဲ(ကျောက်တော်)၌ ပြုလုပ်သော စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များအားစိုက်ပျိုးခဲ့သည်။ ထို့ပြင် မြို့မအားကစားကွင်းသို့ သွားရောက်ကာ မုန်တိုင်းဒဏ်သင့်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို အရေးပေါ် အသုံးပြုနိုင်ရေးအတွက် မိုးကာတဲ ၁၂ လုံးကို ထောက်ပံ့ပေးအပ်သည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မဟာဗန္ဓုလ လမ်းတစ်လျှောက်၊ ပြည်သူ့ဆေးရုံ၌ရှေ့နှင့် အိမ်တွင်းမှုကျောင်းရှေ့တို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၇ ရက်တွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပသော အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ထီးအရှည်များ လျှာ့ဒါန်း ထောက်ပံ့ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၅၀၀ အတွက် ထီးအရှည်များ ထောက်ပံ့လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

ဗိုလ်မှူးချုပ်တင်ဆွေ မောင်တောမြို့ မဟာဗန္ဓုလမ်းတစ်လျှောက်၊ ပြည်သူ့ဆေးရုံရှေ့နှင့် အိမ်တွင်းမှုကျောင်းရှေ့တို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့ထိ မြန်မာ့မီးရထား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားသံလမ်းများရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်း

နေပြည်တော် ဇူလိုင် ၈

ဒေသခံပြည်သူများ ကုန်စည်ပို့ဆောင်မှုနှင့် သွားလာမှုများ အဆင်ပြေချောမွေ့စေရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့ထိ မြန်မာ့မီးရထား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားသံလမ်းများရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ၆နှစ် ၂၉ ရက်မှ ဇူလိုင် ၁ ရက်ထိ ပထမအကြိမ်ဆောင်ရွက်ပေးပြီး ယနေ့တွင် ဒုတိယအကြိမ် မြစ်ကြီးနားမြို့ နန်းကွေ့ဘူတာရုံမှ မြစ်ကြီးနားဘူတာကြီးသို့ သွားရောက်သည့် ရထားသံလမ်း ၀ယာရှိ ချုံနွယ်ပေါင်းမြက်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းရှင်းလင်းခြင်း ဆောင်ရွက်ကြသည်။

အဆိုပါ ရထားသံလမ်းသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ မန္တလေးမြို့၊ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ယခင်ပြေးဆွဲလျက်ရှိသည်။ ထို့ကြောင့် ရထားပြေးဆွဲမှုမရှိသည်မှာ နှစ်အနည်းငယ်ကြာမြင့်ခဲ့သဖြင့် ရထားသံလမ်းများတွင် ချုံနွယ်ပေါင်းမြက်များနှင့် သံလမ်းပျက်စီးမှုများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပြီး ပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့ထိ မြန်မာ့မီးရထား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားသံလမ်းများရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းကြစဉ်။

☆ **ကျောမုံးမှအဆက်**

ပနားမီးပုစွန်ဖြူကို မြိတ်ကျွန်းစုတွင် တစ်ဟက်တာ(နှစ်ကေဇွဲ)အကျယ်ရှိသော ပုစွန်ကန် ၂၀၀ ကျော်နှင့် ကော့သောင်းတွင် ကန် ၁၀၀ ခန့် မွေးမြူလျက်ရှိပြီး ထားဝယ်တွင်မွေးမြူရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကာ ပုစွန်ကန်ကေ ၁၀၀ ၌ ကေ ၄၀ ကို ပင်လယ်ရေသိုလှောင်သန့်စင်သောကန်အဖြစ် ထိန်းသိမ်းထားရှိ၍ ကျန်သောကေ ၆၀ တွင် မွေးမြူခြင်းဖြစ်ကြောင်း သိရသည်။

တစ်ဟက်တာလျှင် ပုစွန်ပေါက် အကောင်ရေသန်းနှင့်ချီ မွေးမြူလျက်ရှိပြီး သုံးလ၊ လေးလအကြာတွင် ရောင်းတန်းဝင်အဆင့်သို့ရောက်ရှိသည့်အတွက် တစ်နှစ်လျှင် သုံးကြိမ်မှ လေးကြိမ်ထိ စဉ်ဆက်မပြတ် မွေးမြူလျက်ရှိကာ လက်ရှိထုတ်လုပ်ရာ၌ စက်ရုံမှထွက်ရှိသော ပြုတ်ထားသည့် ပနားမီးပုစွန်များကို တရုတ်နိုင်ငံသို့ ဘူးဖြင့်ပါကင်ပိတ်တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အေးခဲ၍ တင်ပို့လျက်ရှိသည်။

နိုင်ငံခြားဝင်ငွေရရှိနေသော ပနားမီးပုစွန်ဖြူမွေးမြူမှုတွင် ပုစွန်သားပေါက်နှင့် အစာကို ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းရသည့်အတွက် သားပေါက်နှင့် အစာကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပါက တိုးချဲ့မွေးမြူမှုနှင့် လုပ်ငန်းပြောင်းလုပ်ကိုင်ကြမည့် ရေထွက်ကုန်လုပ်ငန်းရှင်များ အသင့်ရှိနေကြသည်။

ပင်လယ်ပြင်ဖမ်းဆီးမှုမှ မွေးမြူထုတ်လုပ်မှုသို့ ပြောင်းလဲလုပ်ကိုင်လာပါက ပင်လယ်ပြင်ရေသယံဇာတ ပြန်လည်ဖွံ့ဖြိုးလာမည့်အပြင် ဝင်ငွေသေချာသည့် မွေးမြူရေးလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေမလွဲမသွေရရှိလာမည်ဖြစ်ပြီး လက်ရှိ ပနားမီးမွေးမြူထုတ်လုပ်ရာ၌ လုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ သီဆိုကပြဖျော်ဖြေစဉ်။

နေပြည်တော် ၅လိုင် ၈

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်း ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် မောင်တောမြို့ရှိ နယ်မြေခံရဲတပ်ရင်းခန်း၌ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်မာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ မောင်တောမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တာဝန်ရှိသူတို့က ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ၅လိုင် ၈

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဏက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း ပြုလုပ်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော အသင်းများကို ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ၅လိုင် ၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့၊ နယ်မြေခံကျောင်းဝင်းအတွင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းသားများ တက်ရောက်ကြသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ ပြိုင်ပွဲတွင် တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိသောအသင်းများကို တာဝန်ရှိသူများက တိုင်းမှူးတံခွန်စိုက်ဒိုင်းနှင့် ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် ၆နှစ် ၂၈ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ၅လိုင် ၈

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ အခြေခံပညာမူလတန်း(လွန်) ကျောင်းဝင်းအတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ အရာရှိရပ်ကွက်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းအိမ်ရာအတွင်းရှိ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နှင့် အမ်းတပ်နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်နှင့်စားသောက်ဖွယ်ရာများပေးအပ်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့တွင် နမ့်စန်မြို့နှင့်လွိုင်လင်မြို့နယ်တို့ရှိ နယ်မြေခံတပ်ရင်းခန်းမများ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်နှင့်စားသောက်ဖွယ်ရာများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နမ့်စန်မြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် အမ်းတပ်နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အမ်းတောင်ခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးကအမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၈၆ ဦးကို ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ECG နှင့် ဓာတ်မှန်ရိုက်ခြင်းများဆောင်ရွက်ပေးပြီး ဒုတိယတိုင်းမှူးက ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အတွင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။

နေပြည်တော် ဧပြီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အတွင်း၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့ဝမ်ပိန်းကျေးရွာအုပ်စုရှိ ပန်လင်းဆိုင်ကျေးရွာ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဝန်ထမ်းများ၊ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်အပင်များကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများကို အသီးသီးပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ပျိုးပင်များကိုစုပေါင်းစိုက်ပျိုးကြသည်။

ဂင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ဖွင့်လှစ်ထားသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းသို့သွားရောက်၍ စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လောက်ကိုင်မြို့၌ ဖွင့်လှစ်ထားသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများအတွက် စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ဖွင့်လှစ်ထားသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ ဧပြီလိုင် ၇ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါကျောင်းရှိကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အဆိုပါကျောင်းရှိ စာပေသင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၅၉ ဦးတို့ကို စာပေနှင့် လက်တွေ့ဘာသာရပ်များ သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သရက်တောင်ရပ်ကွက်နေ စုစုထွန်းသည် ၎င်းအသုံးပြုသည့် "Su Su Htun" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မှတ်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

မော်လမြိုင်မြို့ရှိ ကမ်းနားလမ်း အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေး

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း ကမ်းနားလမ်း အဆင့်မြှင့်တင် တိုးချဲ့မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကမ်းနားလမ်းတစ်လျှောက် ကမ်းထိန်းနံရံတည်ဆောက်ခြင်း၊ မြေရာရှည်ခင်းနားနေခုံများ၊ ပန်းပင်နှင့် မြက်ခင်းပြုပြင်ခြင်း၊ အလှမီးတိုင်များထွန်းညှိခြင်းစသည့် ကမ်းနားလမ်း အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်မည့်နေရာကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ကမ်းနားလမ်းရှိ ရာမည သဲသောင်ပြင် အပန်းဖြေနေရာများနှင့် ရပ်နီးရပ်ဝေးမှ ခရီးသွားပြည်သူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေအနားယူလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

နေပြည်တော် ဧပြီ ၈

တြိုင်ဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တြိုင်ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌ လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ဌလိုင် ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ

နေပြည်တော် ဧပြီ ၈

ဌလိုင် ၇ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၃၁၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်း၂၃)

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း	၆၄၀၇၃၇ ဦး
သေဆုံးသူ	၁၉၄၉၄ ဦး
ဆေးရုံဆင်းခွင့်ရရှိသူ	၆၀၉၅၆၀ ဦး

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လှဲ့လှဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၅၀ ၀၉-၂၀၂၃၄၉၁	ဦးသန်းဝိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၂၅၁၀၁၂၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ခုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၄၈ ၀၉-၂၅၄၁၃၀၀၁	ဒေါ်သန်းသန်းဝင်း ခုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၄၀၁၆	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၃၁၆ ၀၉-၄၃၀၅၄၈၄၄		

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မုံရွာမြို့နယ် ဇီးတောကျေးရွာနှင့် မဟာအောင်မြေမြို့နယ် ခဝါခြံရပ်ကွက်တို့ရှိ သံယာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

သံယာတော်များအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ၇လိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဇီးတောကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၆၂ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ခဝါခြံရပ်ကွက် မြင်းဝန်မင်းကြီးကျောင်းတိုက်ရှိ သံယာတော် အပေါ် ၇၀ နှင့် ဒေသခံပြည်သူ ဦးရေ ၁၅၀ တို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သော သံယာတော် ၁၃၂ ပါးနှင့် ဒေသခံပြည်သူ ၂၇ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ တတိယအကြိမ် ပို့ဆောင်

နေပြည်တော် ၇လိုင် ၈

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သော မျိုးစပါးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏စီမံလမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လိုအပ်သည့် မျိုးစပါးများကို တင်ပို့ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ ရောဝတီတိုင်းဒေသကြီး မော်ကျွန်းနှင့် ဖျာပုံမြို့တို့မှဝယ်ယူခဲ့သည့် ပေါ်ဆန်းရင် မျိုးစပါး တင်း ၁၄၀၀၀ ကို တပ်မတော် မော်တော်ယာဉ် ၆၃ စီးဖြင့် တင်ဆောင်၍ ယနေ့တွင် တတိယအကြိမ် သွားရောက်ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စပါးမျိုးများကို မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ရာတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ကူညီတင်ဆောင်ပေးကြရာ ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရခိုင်ပြည်နယ်သို့ရောက်ရှိသည့် မျိုးစပါးများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်တွင် လိုအပ်လျက်ရှိသည့် မျိုးစပါးများကို အချိန်မီရရှိရေး ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ တတိယအကြိမ် ပို့ဆောင်ပေးစဉ်။

(၆-၇-၂၀၂၃)မှစ၍ နေ့စဉ် ညနေ(၆:၃၀)နာရီမှ ည (၉:၁၅)နာရီအထိ MWD Education, Knowledge & Sports Channel မှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။

Grade-10 ဘာသာရပ်ပို့ချမှုအချိန်ဇယား

ရက်စွဲ	ထုတ်လွှင့်ချိန်		ဘာသာရပ်
	မှ	ထိ	
၉-၇-၂၀၂၃	၁၈:၃၀:၀၀	၁၈:၄၅:၀၀	မြန်မာစာ- နှမထွေးမယ့်ကိုလိုလျှင်
	၁၈:၄၅:၀၀	၁၉:၀၅:၀၀	အင်္ဂလိပ်စာ- Unit(3) ZERO Reading
	၁၉:၀၅:၀၀	၁၉:၃၀:၀၀	သင်္ချာ - Chapter(2) Operations With Radicals, 2.2.1 Rules For Radicals
	၁၉:၃၀:၀၀	၁၉:၅၀:၀၀	ဓာတုဗေဒ -(2.4) Solutions and Solubility
	၁၉:၅၀:၀၀	၂၀:၁၅:၀၀	ရူပဗေဒ - Chapter(3) Forces, 3.1 Newton's Laws of Motion first Law and Second Law
	၂၀:၁၅:၀၀	၂၀:၄၀:၀၀	ဇီဝဗေဒ - 2.1 CELLS AS THE BUILDING BLOCKS OF LIFE 2.1.1 The Cell Theory
	၂၀:၄၀:၀၀	၂၀:၅၀:၀၀	ပထဝီဝင်- အခန်း(၁) ရာသီဥတုအမျိုးအစားများ
	၂၀:၅၀:၀၀	၂၁:၀၀:၀၀	သမိုင်း - အခန်း(၁) သုဝဏ္ဏဘူမိ
	၂၁:၀၀:၀၀	၂၁:၁၅:၀၀	ဘောဂဗေဒ - အခန်း(၃) စီးပွားရေးလုပ်ဆောင်ချက်များ(၈)လဲလှယ်ခြင်း

စပိန်နိုင်ငံ ဇာရာဂိုဇာမြို့တွင် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွား

မက်ဒရစ် ဇူလိုင် ၈

စပိန်နိုင်ငံ ဇာရာဂိုဇာမြို့တွင် ဇူလိုင် ၆ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပွားသဖြင့် မြို့တော်ရှိ မီးသတ်တပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စပိန်မိုးလေဝသအေဂျင်စီ၏ ဇူလိုင် ၆ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ Floodlist သတင်းဌာနက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

စပိန်နိုင်ငံ အာရာဂွန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် ဇာရာဂိုဇာတွင် ဇူလိုင် ၆ ရက်မွန်းလွဲပိုင်းမှစ၍ မိုးသက်လေပြင်းကျရောက်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေအိမ်များ ရေနစ်မြုပ်ကာ လမ်းများပေါ်တွင် ရေနှစ်မီတာခန့် လွှမ်းမိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် အစိုးရက အဆိုပါဒေသရှိ ရေလွှမ်းမိုးနေသည့် ကားလမ်းများကို သွားလာခွင့်ပိတ်ထားခဲ့ပြီး မြို့တော် မီးသတ်တပ်ဖွဲ့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

မီးသတ်သမားများအနေဖြင့် သစ်ပင်များပေါ်တွင် တွဲခိုနေရသူများနှင့် ယာဉ်များပေါ်တွင် ပိတ်မိနေသောလူများကို ကယ်တင်ခဲ့ရပြီး လူခြောက်ဦးမှာ အသေးစား ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ဇာရာဂိုဇာမြို့တွင် ရွာသွန်းခဲ့သောမိုးရေချိန်သည် တစ်နာရီခန့်အတွင်း ၅၄ မီလီမီတာခန့်ထိ ရွာသွန်းခဲ့ကြောင်း၊ မိုးရွာသွန်းမှုကြောင့် မိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ရပ်နားထားခဲ့ရကြောင်း သိရသည်။

ရေကြီးရေလျှံမှုသည် ဇာရာဂိုဇာမြို့အပြင် အယ်လ်ကာနစ်မြို့နှင့် တာယူရယ်မြို့တို့တွင်လည်း ဖြစ်ပွားသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရပြီး အဆောက်အအုံတချို့လည်း ပျက်စီးခဲ့ကြောင်း သိရသည်။

AZH

ယခုနှစ် နှစ်ဝက်အတွင်း အမေဇုန်သစ်တောပြုန်းတီးမှု ၂၀၂၂ ခုနှစ်ကထက် ၃၄ ရာခိုင်နှုန်းလျော့ကျ

ဘရာဇီးလီးယား ဇူလိုင် ၈

ဘရာဇီးအစိုးရသည် ၂၀၂၃ ခုနှစ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်အတွက် အရေးပါသည့် အမေဇုန်သစ်တောထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ယခုနှစ် နှစ်ဝက်အတွင်း အမေဇုန်သစ်တောပြုန်းတီးမှုသည် ၂၀၂၂ ခုနှစ်က ပြုန်းတီးခဲ့သည့် ပမာဏထက် ၃၄ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု RTE သတင်းဌာနက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါ ဆေးလ်ဗားလက်ထက်တွင် အမေဇုန်သစ်တောပြုန်းတီးမှုမှာ ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ပမာဏအနည်းဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"၂၀၂၃ ခုနှစ်အတွင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ တော်တော်လေး ထိရောက်တိုးတက်လာတယ်။ အမေဇုန်သစ်တောပြုန်းတီးမှုက သိသိသာသာကို လျော့ကျလာတယ်။ စစ်တမ်းတွေအရ အခုနှစ် နှစ်ဝက်အတွင်းမှာတင် အမေဇုန်သစ်တောပြုန်းတီးမှု ပမာဏဟာ ၂၀၂၂ ခုနှစ်က ပြုန်းတီးခဲ့တဲ့ပမာဏထက် ၃၄ ရာခိုင်နှုန်း လျော့ကျလာတယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အပေါင်းလက္ခဏာ ဆောင်တဲ့ တိုးတက်မှုဖြစ်ပါတယ်" ဟု ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့(WWF-Brasil) ၏ သုတေသီတစ်ဦးဖြစ်သူ ဒန်နီရယ်ဒါလ်ဆေးဗားက ပြောကြားခဲ့သည်။ **ဂိုင်းဆက်**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်စီရင်စုနှင့် ဘာလိုချီစတန်စီရင်စုတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၈ ဦးထိ ရှိလာ

အစ္စလာမ်မာဘတ် ဇူလိုင် ၈

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်စီရင်စုနှင့် ဘာလိုချီစတန်စီရင်စုတွင် ဇူလိုင်လ အစမှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့သဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ စတင်ဖြစ်ပွားချိန်မှ ဇူလိုင် ၆ ရက်ထိ သေဆုံးသူ ၁၈ ဦးထိရှိလာပြီး နေအိမ်အမြောက်အမြားနှင့် အခြေခံအဆောက်အအုံများလည်း ပျက်စီးမှု ဖြစ်ပေါ်ခဲ့ကြောင်း ပါကစ္စတန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Dawn သတင်းဌာနက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပန်ဂျပ်စီရင်စု မိုဇန်မြို့တွင် ရေကြီးရေလျှံမှုကြောင့် မြေပြိုကျမှု ဖြစ်ပေါ်ခဲ့ပြီး ဆေးရုံအဆောက်အအုံတချို့ပျက်စီးခဲ့ကြောင်းလည်း ပန်ဂျပ်စီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၈ ယောက်ထိ ရှိနေပြီဖြစ်ပါတယ်။ မိုးရွာသွန်းမှုအခြေအနေအရ ရေကြီးရေလျှံမှုဟာ အခြေအနေ ပိုမိုဆိုးရွားလာနိုင်ပါတယ်။ ချီနပ်မြစ်ရေလျှံတက်မှုလဲ ဖြစ်ပေါ်နေတဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေဟာ မျှော်လင့်ထားတာထက်ကို ပိုဆိုးလာနိုင်ပါတယ်"ဟု ပါကစ္စတန် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ရေလှောင်တမံများတွင်လည်း ရေပမာဏမြင့်တက်လျက်ရှိပြီး ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားနေသောဧရိယာများတွင်သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေထုအရင်းအမြစ်သန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သောအပျက်အစီးများကို ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း ရေနှင့် သန့်ရှင်းရေးအေဂျင်စီ(WASA) က ထုတ်ပြန်သွားခဲ့သည်။ **ဂိုင်းဆက်**

တူရကီတွင် ငလျင်ကြောင့် ထိခိုက်ခဲ့ရသူများကို ပံ့ပိုးငွေနှင့် အတိုးမဲ့ချေးငွေ ပေးအပ်မည်

အင်ကာရာ ဇူလိုင် ၈

တူရကီနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသူများကို ပံ့ပိုးငွေများနှင့် အတိုးမဲ့ချေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်မြို့ပြနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးက ဇူလိုင် ၇ ရက်တွင် ကြေညာခဲ့သည်ဟု Hurriyet Daily သတင်းဌာနက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါအကူအညီသည် On-Site Transformation Project ခေါင်းစဉ်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအတွက် ရွေးချယ်ခံရသူများကို အဓိက ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း တူရကီသဘာဝပတ်ဝန်းကျင်မြို့ပြနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး Mehmet Ozhaseki က ကြေညာခဲ့သည်။

ဝန်ကြီး၏အဆိုအရ အဆောက်အအုံဆောက်လုပ်ခွင့်ရရှိကြသူများအနေဖြင့် အဆောက်အအုံဆောက်လုပ်ရန် တူရကီလိုင်ရာ ၅၀၀၀၀၀ နှင့် လုပ်ငန်းခွင်များအတွက် လိုင်ရာ ၂၅၀၀၀၀ ပံ့ပိုးကြေးရရှိမည်ဖြစ်ပြီး အဆောက်အအုံဆောက်လုပ်ရန် တူရကီလိုင်ရာ ၅၀၀၀၀၀ မှ ၈၀၀၀၀၀ နှင့် လုပ်ငန်းခွင်များအတွက် လိုင်ရာ ၂၅၀၀၀၀ မှ ၅၀၀၀၀၀ ကြား အတိုးမဲ့ချေးငွေရရှိမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေသက်တမ်းကို နှစ်နှစ်မှ ၁၀ နှစ်အတွင်း သတ်မှတ်ထားပြီး ဂိုဒေါင်များ၊ လုပ်ငန်းခွင်များနှင့် စျေးဆိုင်များအပါအဝင် နေအိမ် ၆၈၀၀၀၀ နှင့် အခြားအဆောက်အအုံပေါင်း ၁၇၀၀၀၀ ခန့်ပျက်စီးခြင်း သို့မဟုတ် ဖြိုဖျက်ရန်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်း ဝန်ကြီး Mehmet Ozhaseki က ပြောကြားခဲ့သည်။

တူရကီနိုင်ငံအနေဖြင့် ငလျင်ဒဏ်ခံပြည်သူများအတွက် ငလျင်လှုပ်ခတ်မှုထူထပ်သောဧုန်များနှင့် အလုမ်းဝေးသော နေရာများတွင် အိမ်ရာသစ်များ ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ နေအိမ် ၃၁၉၀၀၀ ဆောက်လုပ်ပေးထားနိုင်ပြီး လာမည် အောက်တိုဘာလမှ စတင်နေထိုင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

AZH

အမေရိကန်နိုင်ငံရှိ အိမ်သုံးသောက်သုံးရေများတွင် အဆိပ်ဖြစ်စေသည့် ဓာတုပစ္စည်းများပါဝင်နိုင်ကြောင်း ဘူမိပေဒစစ်တမ်းအဖွဲ့ အစည်း ခန့်မှန်းထုတ်ပြန်

ဝါရှင်တန် ဇူလိုင် ၈

အမေရိကန်နိုင်ငံတွင် အသုံးပြုနေသည့် ဘုံပိုင်ရေများနှင့် အိမ်သုံးသောက်သုံးရေ နမူနာများကို အမေရိကန်ဘူမိဗေဒစစ်တမ်းအဖွဲ့အစည်းက စစ်ဆေးမှုပြုလုပ်လျက်ရှိရာ အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းများ ပါဝင်နိုင်ကြောင်း ခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဘူမိဗေဒစစ်တမ်းအဖွဲ့အစည်းက နေအိမ် ၇၀၀ တွင် အသုံးပြုနေသော သောက်သုံးရေကို စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သောက်သုံးရေများတွင် Perfluoroalkyl and Polyfluoroalkyl Substances (PFAS) ဓာတုပစ္စည်းများ ပါဝင်နိုင်သည့် အခြေအနေကို စစ်ဆေးတွေ့ရှိရပြီး ပိုမိုသေချာစေရန်အတွက် လိုအပ်သည့်စစ်ဆေးမှုများ ထပ်မံပြုလုပ်လျက်ရှိကြောင်းထုတ်ပြန်ခဲ့သည်။

ကနဦးစစ်ဆေးမှုအရ အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းများပါဝင်နိုင်သော သောက်သုံးရေကို အသုံးပြုနေသူများမှာ နိုင်ငံ၏ ထက်ဝက်ခန့်ပမာဏထိ ရှိနေကြောင်း အမေရိကန်ဘူမိဗေဒစစ်တမ်းအဖွဲ့အစည်းက သုံးသပ်သွားခဲ့သည်။

အဆိုပါ အဆိပ်အတောက်ဖြစ်စေသည့်ဓာတုပစ္စည်းများ သောက်သုံးရေအတွင်း ရောနှောပါဝင်နေခြင်းကိုအတည်ပြုနိုင်ပါက အဆိုပါ အဆိပ်အတောက် ဖြစ်စေသည့် ဓာတုပစ္စည်းများ ရောနှောပါဝင်လာသည့် အခြေအနေများကိုလည်း ထပ်မံစုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ကိုယ်ခန္ဓာအတွင်း Perfluoroalkyl and Polyfluoroalkyl Substances(PFAS)ဓာတုပစ္စည်းများ ရောနှောပါဝင်မှုမြင့်မားပါက ဟော်မုန်းများကို နှောင့်ယှက်နိုင်ခြင်း၊ အသည်း၏ အလုပ်လုပ်ဆောင်မှုကို နှောင့်ယှက်ခြင်း၊ ကျောက်ကပ် သို့မဟုတ် ဝေးလေ့ကင်ဆာဖြစ်ပေါ်မှုနှုန်းကို မြင့်မားစေခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေးထိခိုက်စေနိုင်ပြီး ကလေးမွေးဖွားနှုန်းကို ထိခိုက်စေခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။ **ဂိုင်းဆက်**

0w Kw ka @

နှစ်ပွင့်ရယ် တစ်ခိုင်တည်း

ဒွေသန့်မောင်(ပဏ္ဍာရေး)

(၁)

ကျောင်းဖွင့်ချိန်မို့ မိုးလေအေးတို့က တဖွဲဖွဲနဲ့။ လေကလဲ တဟူးဟူးနဲ့။ မိုးရေပေါက်တွေက ဖွေးလို့။ မြက်ပင်တွေကြားမှ ဖားငယ်တို့ကလဲ အုန်းအင်မြည်လို့ပေါ့။ သာယာလှပတဲ့ မိုးရာသီမို့ ကျွန်တော့်စိတ်ထဲ ကြည်နူးမိတယ်။ ကလေးတွေကလဲ ထီးလေးတွေ ကိုယ်စီနဲ့ ကျောင်းထဲဝင်လာကြပြီ။ တချို့က မိုးကာ အင်္ကျီလေးတွေနဲ့လာနေကြပြီ။ ကျောင်းတက်ချိန်လဲ နီးလာပြီ။ ကျောင်းသားတွေလဲ အများအပြားရောက်ရှိနေကြပြီ။

"ကလောင် ကလောင် ကလောင် ကလောင်"

ခေါင်းလောင်းသံလေးက ကျောင်းဝင်းထဲမှာ ပျံ့နှံ့လျက်။ ကလေးတွေ ဘုရားရှိခိုးသံ ကြားရလေပြီ။ ငါးမိနစ်လောက်ကြာသွားတယ်။ အဲဒီနောက် ကျွန်တော် အတန်းထဲဝင်လိုက်တယ်။ အတန်းထဲမှာ ကျောင်းသားတွေကို တစ်ချက်ဝှေ့ကြည့်လိုက်တယ်။ ဒီနေ့လဲ မိအေးပျောက်နေတယ်။ မိအေးမလာတာ ဒီနေ့နဲ့ဆို သုံးရက်တောင်ရှိနေပြီ။ ကျွန်တော့်စိတ်ထဲ တထင့်ထင့်။ ကျွန်တော်ကိုယ်တိုင် သူ့ကိုသွားကြည့်မှ ဖြစ်တော့မယ်။

(၂)

ညနေကျောင်းဆင်းချိန်မှာ မိုးက တိတ်သွားလေပြီ။ တိမ်ထဲက နေမင်းကလဲ ပြူတစ်ပြူတစ်နဲ့ ကြည့်နေတဲ့အလား။ နေရောင်အောက်မှာ ရေအိုင်ငယ်လေးတွေက စိန်ပွင့်တွေ လက်လက်ထသလို။ အိုင်ထွန်းနေတဲ့ ရေအိုင်တွေကိုကျော်ပြီး ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် မိအေးတို့ အိမ်ကိုလှမ်းလာခဲ့တယ်။

"ဆရာ ဟိုရှေ့နားလေးက အိမ်ဟာ မိအေးတို့ အိမ်ပဲဆရာ"

"ညြော် အေး အေး သား"

"သားတို့အိမ်လဲ အလည်လိုက်ခဲ့ပါလားဆရာ"

"ဆရာ နောက်မှ လာခဲ့မယ်နော် သား"

ကျွန်တော် အိမ်အပြင်ကနေ လှမ်းကြည့်မိတယ်။ တစ်ထပ်အိမ်လေးတစ်လုံး။ အမိုးက သံချေးတက်နေတဲ့ သွပ်စုတ်ကလေးတွေနဲ့ အပေါက်လေးတွေက အများသား။ အိမ်ဘေးမှာ ထရံအစုတ်လေးတွေနဲ့။ အချို့နေရာလေးတွေမှာ ပလတ်စတစ်အကြည်လေးနဲ့ ပိတ်ထားလို့။ ကျွန်တော်အိမ်ပြင်ကနေ အော်ခေါ်လိုက်တယ်။ အိမ်ထဲက မိအေးရဲ့အဖေ ထွက်လာတယ်။ အပေါ်ပိုင်းက အင်္ကျီစုတ်ကလေးဝတ်ပြီး အောက်ပိုင်းက ပုဆိုးခပ်ခွမ်းခွမ်းလေးနဲ့။ မျက်နှာမှာ စိုးရိမ်မှုတွေ အပြည့်။ ကျွန်တော်ရိပ်မိနေတယ်။

"ဟို ကျွန်တော်က မိအေးရဲ့ အတန်းပိုင်ပါ။ မိအေး ကျောင်းမလာတာ သုံးရက်တောင်ရှိနေပြီဗျ။ ဒါကြောင့် ကျွန်တော်စိတ်ပူလို့ လိုက်လာတာ"

ကျွန်တော်ရှင်းပြတာကို သေချာကြည့်နေတယ်။ အဲဒီနောက်-

"ဟုတ် ဆရာ အထဲကြွပါ"

ကြေကွဲဆိုနင့်တဲ့အသံနဲ့ ဖိတ်ခေါ်နေပုံက ကျွန်တော့်အတွက် ထိတ်လန့်စရာ။ အထဲရောက်သွားတော့ မိအေးလေးကို တွေ့လိုက်ရတယ်။ စောင်အစုတ်လေးတွေ အထပ်ထပ်ခြုံပေးထားတယ်။ အိပ်မောကျနေတဲ့ မိအေးမျက်နှာက ပင်ပန်းနွမ်းလျပြီး ပျော့ခွေနေပုံ။

"ဘယ်လိုဖြစ်တာလဲဗျာ"

"သမီးလေးက ငယ်ငယ်ကတည်းက ကျန်းမာရေးချို့ချာတယ်ဆရာ။ သူ့အမေမရှိတော့တဲ့နောက်ပိုင်း ကျွန်တော်ကလဲ အလုပ်တစ်ဖက်နဲ့ဆိုတော့ သူ့ကို ကောင်းကောင်းမပြုစုနိုင်ခဲ့ဘူး။ သမီးလေး ဒီအရွယ် ထိရောက်အောင် အတော့်ကို ကြိုးစားရှုန်းကန်ခဲ့ရတယ်ဆရာ"

သူပြောသမျှကို ခေါင်းလေးညိတ်ရင်း နားထောင်နေမိတယ်။

"ပြီးတော့ ဆရာရယ် ကျွန်တော့်လုပ်အားခနဲ့က သားအဖနှစ်ယောက် စားဖို့သောက်ဖို့ အနိုင်နိုင်။ ဒီကြားထဲ သမီးလေးရဲ့ ကျန်းမာရေးအတွက် ဆေးဖိုးဝါးခတွေက မတတ်နိုင်ဘူးဆရာ။ ဒါနဲ့ပဲ ကျွန်တော်လဲ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး ဆရာရယ်။ အခု သမီးလေးက ဘာဖြစ်တယ်ဆိုတာလဲ ကျွန်တော်မသိဘူး။ ညဘက်ဆို ကယောင်ကတမ်းတွေ အော်တယ်ဆရာ။ အဖျားလဲတက်နေတယ်ဆရာ။ ပြီးတော့ ခဏခဏလဲ အန်တယ်။ ခဏ ခဏလဲ ဝမ်းတွေသွားနေတယ်ဆရာ"

"ခင်ဗျာ ဒါသွေးလွန်တုပ်ကွေးဗျ။ မပေါ့ရဘူး"

ကျွန်တော် အံ့သြသွားတယ်။ မိအေးမျက်နှာကို တစ်ချက်လှည့်ကြည့်လိုက်မိတယ်။ သနားစရာကောင်းလိုက်တာ မိအေးရယ်။

"ဒီလိုလုပ်ပါလားဗျာ။ သမီးမိအေးအတွက် ဆေးဖိုးဝါးခအကုန်လုံး ကျွန်တော်တာဝန်ယူပါ့မယ်။ ကလေးကို ဆေးရုံအမြန်ဆုံးပို့ရအောင်"

ကျွန်တော့်စကားကို သူလက်ခံရမှာ အားနာနေတယ်။ သူမျက်ဝန်းအိမ်မှာ မျက်ရည်တို့က ပြည့်လျှံကျတော့မယ်။ ကျွန်တော် သမီးလေးမိအေးကို အသက်မဆုံးရှုံးစေချင်။ ချက်ချင်းပဲ ဆေးရုံပို့ဖို့စီစဉ်တော့တယ်။ ဆေးရုံအရောက်မြန်လို့ ကျွန်တော်တို့ စိတ်သက်သာရာရသွားတယ်။ ဆေးရုံရောက်နောက်ကျခဲ့ရင် အသက်တစ်ချောင်း လက်လွတ်ရမှာ အမှန်ပင်။ အခုမှ စိတ်တုံးတုံးချနိုင်ခဲ့ပြီ။ တော်သေးတာပေါ့။

(၃)

မိုးလေက ငြိမ်ချက်သားကောင်းနေတယ်။ ကျောင်းပိတ်ရက်မို့ ကျွန်တော်ကွန်ပျူတာခန်းထဲမှာ စာရိုက်နေတယ်။ မိုးအေးအေးမို့ သီချင်းလေးနဲ့ ငြိမ့်နေမိတယ်။ ခဏအကြာ အပြင်မှ တံခါးခေါက်သံကြားလိုက်ရတယ်။ တံခါးဖွင့်ပေးလိုက်တယ်။ ကျွန်တော်အံ့သြသွားတယ်။ လက်ထဲမှာ ကြက်ဥငါးလုံးထည့်ထားတဲ့ ကြွပ်ကြွပ် အိတ်ကို ဆုပ်ကိုင်ထားတယ်။ ကျွန်တော့်ဆီကို မိအေးကမ်းနေတယ်။ ကျွန်တော့်စိတ်ထဲ နင့်ခနဲ။

"သမီးရယ် ဘာဖြစ်လို့ ဒါတွေယူလာရတာလဲ"

သူ့ခေါင်းလေးကို ပွတ်ရင်း ပြောလိုက်တယ်။

"သမီးမှာ ဆရာလေးပေးတဲ့ အသက်ပဲရှိပါတော့တယ်။ သမီး ကျေးဇူးတင်လွန်းလို့ပါဆရာလေးရယ်။ သမီး မနက်တိုင်း ခရေပန်းရောင်းလို့ရတဲ့ ပိုက်ဆံလေးနဲ့ ဆရာလေးအတွက် ဝယ်လာခဲ့တာပါ။ သမီးပေးတာ အဖိုးမတန်လို့လား ဆရာလေးရယ်"

မိအေးမျက်နှာမှာ မျက်ရည်တွေကအပြည့်။ ကျွန်တော် သူ့ကိုကြည့်ရင်း စိတ်မကောင်း။

"သမီးရယ် ဆရာလေးက အဲဒီလိုပြောတာ မဟုတ်ပါဘူး။ ဆရာဆိုတာ တပည့်တွေကို အမြဲကာကွယ်စောင့်ရှောက်ရမဲ့ တာဝန်ရှိတယ်သမီးရဲ့။ သမီးက အခုမှ နေကောင်းပျောက်ခါစပဲရှိသေးတယ်လေ။ သမီး ပင်ပန်းမှာစိုးလို့ပါ။ ပြီးတော့ သမီးလက်ဆောင်အတွက် ဆရာလေးက ကျေးဇူးအများကြီးတင်ပါတယ်ဗျာ။ ဟုတ်ပြီလား။ ပေး ပေး"

သူ့လက်ထဲက ကြက်ဥထုပ်ကိုယူလိုက်တယ်။ အဲဒါမှ မိအေးမျက်နှာပေါ်မှာ အေးမြတဲ့အပြုံးတို့က စိမ့်ဝင်လာတော့တယ်။ အမေမရှိရှာတော့တဲ့ သူတို့သား အဖတွေဘဝ လူလောကထဲ ရှုန်းကန်နေရတာ ဆရာသိပ်သနားမိပါတယ် မိအေးရယ်။

(၄)

"ဆရာလေး ဆရာလေး သက်ဦးနဲ့ ဖိုးကောင်းတို့ အတန်းထဲမှာ ရန်ဖြစ်နေကြပြီ"

မလှချော လာတိုင်လို့ ကျွန်တော်ရိုက်လက်စ ကွန်ပျူတာကို လက်စသတ်လိုက်တယ်။ နှစ်တိုင်းလိုလို ရန်ခဏာခဏာဖြစ်တဲ့ ဒီအတန်း။ ဒီနှစ် ငြိမ်ချက်သားကောင်းလို့ ချီးကျူးနေတာ မကြာသေး။ ရန်ဖြစ်သံကကြားရတယ်။ ရန်ဖြစ်တိုင်းလဲ ကျွန်တော်ထိုက်သင့်တဲ့ အပြစ်ပေးစမြဲ။ ဒါပေမဲ့ ဒီတစ်ခါပုံစံပြောင်းပြီး အပြစ်ပေးရတော့မယ်။ ရိုက်ရင်လဲ သူတို့အရေခွံတွေ အတော်ထူနေလို့ လက်ပဲညောင်းလိမ့်မယ်။ ဆူလိုက်ရ၊ ပြောလိုက်ရ၊ ကြိမ်းလိုက်ရ၊ မောင်းလိုက်ရနဲ့ မလွယ်လှချေ။ ကြာတော့ ကျွန်တော်လဲ လူဆိုးတစ်ပိုင်းကြီးဖြစ်တော့မယ်။ ဒီတစ်ခါ အချိုသတ်နည်းနဲ့ သူတို့ကို ပညာပေးရမယ်လို့ စိတ်ကူးထားတယ်။

သက်ဦးက အထက်ပိုင်းက ပြောင်းလာတဲ့ကလေး။ အနေအေးတယ်။ စာလဲတော်တယ်။ ဒီနှစ်မှ ကျောင်းလာတက်တဲ့ ကျောင်းသားသစ်ဖြစ်တယ်။ အဖေမရှိတော့။ သက်ဦးလေး တစ်နှစ်သားအရွယ်မှာ အဖေဖြစ်သူက လူကြီးရောဂါနဲ့ ကွယ်လွန်သွားခဲ့ရတယ်။ ဒါကြောင့် ငယ်ငယ်ကတည်းက သူ့ခမျာ အဖေလို့ အားရအောင် ခေါ်ခွင့်မရခဲ့။ အဲဒီလိုကလေးတွေဟာ စာသင်ခန်းထဲမှာ ကောင်းစွာသင်ယူနိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော် အတန်းထဲရောက်လာပြီး-

"ကဲ. . . ဘာဖြစ်ကြတာလဲ ပြော"

သက်ဦးက စပြောတယ်။

"ဆရာ သူက သားကို မုဆိုးမသားတဲ့။ ပြီးတော့ ပြောသေးတယ်။ အခုမှလဲပြောင်းလာတယ် ဖင်ခေါင်းလာမကျယ်နဲ့တဲ့"

အဲဒီအခါ ဖိုးကောင်းက

"ဟုတ်တယ်လေ။ မင်းအမေက မုဆိုးမမို့ မုဆိုးမပြောတာ။ မင်းကနာနေတာလား။ ပြီးတော့ စာတော်တယ်ဆိုပြီး မာန်တက်နေတာ"

ဆရာ့ရှေ့မှာတင် မထီလေးစားလုပ်နေတဲ့ ဖိုးကောင်းကို ကျွန်တော်စူးစူးစိုက်စိုက်ကြည့်လိုက်တယ်။ ဖိုးကောင်းဘာမှ မပြောတော့။

"ဖိုးကောင်း ဘာလို့သူများအမေကို လျှောက်ပြောရတာလဲ။ သားမှာလဲ အမေရှိတယ်မလား။ သူကြိုးစားလို့ သူတော်တာလေ သားရယ်။ သားလဲ သူ့လိုတော်ချင်ရင် စာကြိုးစားပေါ့"

"ဟုတ် ဟုတ်ကဲ့ ဒါပေမဲ့"

"ကဲ. . . ဒါပေမဲ့မနေနဲ့။ ဆရာပြောပြမယ် သေချာနားထောင်။ သား အမေမှာ အဖေမရှိတော့ ဘူးဆိုပါတော့။ အဲဒီအခါ သားအမေကို မုဆိုးမလို့ အခြားသူ တစ်ယောက်ယောက်က ခေါ်မယ်ဆိုရင်ကော သား ကြိုက်ပါ့မလား"

"မကြိုက်ပါဘူးဆရာ"

"အေး ကိုယ့်ကိုပြောရင် မကြိုက်တဲ့စကားကို အခြားလူကိုပြောမယ်ဆိုရင် အဲဒီလူကကော သားပြောတာကို ကြိုက်ပါ့မလား"

"မကြိုက်ပါဘူးဆရာ"

"အေး အဲဒါပဲပေါ့"

"လူဆိုတာ သူတစ်ပါးနစ်နာအောင် ဘယ်တော့မှ မပြောရဘူး၊ မကြံရဘူး၊ မလုပ်ရဘူးကွ"

"ဟုတ် ဆရာ"

"သား မှားပါတယ်ဆရာ"

"အေး အမှားကို အမှားမှန်းသိမှ လူတော်ကွ။ ဒါပေမဲ့ နောက်တစ်ခါမဖြစ်ရလေအောင်အပြစ်တော့ ပေးရမယ်။ သားကို အပြစ်ပေးတဲ့အနေနဲ့ ဟိုး . . . အလင်းရောင်စာကြည့်တိုက်ထဲက ဗုဒ္ဓယဉ်ကျေးစာပေ ပုံပြင်များဆိုတာကိုရှာခဲ့။ ပြီးရင် အားလပ်ချိန်မှာ အတန်းထဲက သူငယ်ချင်းတွေကို ဖတ်ပြရမယ်။ ပြီးရင် သူငယ်ချင်းတွေနဲ့အတူ တိုင်ပင်ဆွေးနွေးရမယ်။ ဘယ်လိုလဲ"

အဲဒီအခါ ဖိုးကောင်းမျက်နှာ လဝန်းလို ရွှန်းပသွားတယ်။ အရှိက်ခံရမယ်အထင်နဲ့ ကြောက်နေတဲ့ ရန်မှ လွတ်သွားပြီ။ စာပဲဖတ်ရမှာမို့ အပြေးလေးသွားယူတယ်။ သက်ဦးကိုလဲဆုံးမလိုက်တယ်။ ရန်မဖြစ်ဖို့နဲ့ တစ်ယောက်ယောက်က တစ်ခုခုမခံချင်အောင်ပြောရင် ဆရာ့ဆီလာတိုင်ဖို့ ပြောလိုက်တယ်။

အဲဒီနေ့က စာသင်လိုက်၊ ဖိုးကောင်းဖတ်ပြတဲ့ ပုံပြင်တွေ နားထောင်လိုက်နဲ့ ကလေးတွေပျော်နေကြတယ်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာကေ ၉၆၈၆ ဧက စိုက်ပျိုးပြီးစီး

ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးနေကြာစိုက်ခင်းကို တွေ့ရစဉ်။

ယင်းမာပင် ဧပြီလ ၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ ၉၆၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ ၁၆၀၆၆ ဧက စိုက်ပျိုးရန် လျာထားပြီး ၆နှင့်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးနေကြာ ၉၆၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နေကြာကို ဆောင်းမှာအဓိကထားစိုက်တယ်။ ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေတယ်။ ဒီနှစ်မှာဆိုရင် နေကြာကေ ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခုထိတော့ နေကြာ ၉၆၈၆ ဧက စိုက်ပျိုးပြီးစီးပါပြီ"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြို့နယ်အလိုက် မိုးနေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၉၈၈ ဧက၊ ကနီမြို့နယ်တွင် ၂၉၈၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၄၉၃ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၂၂၀ စုစုပေါင်း ၉၆၈၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မိုးနေကြာစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၇၇၅၅ ဧက၊ ကနီမြို့နယ်တွင် ၃၈၈၃ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၂၀၈ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၂၂၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်၌ ယခုနှစ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ဆိပ်ဖြူမြို့နယ် ရှားပင်အိုင့်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဆိပ်ဖြူ ဧပြီလ ၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားပင်အိုင့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ရှားပင်အိုင့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်း ဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ဆိပ်ဖြူမြို့နယ် ရှားပင်အိုင့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၃၂ ဒသမ ၈၃ သန်း ထုတ်ချေးပေးထားကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

နွဲ့ယဉ်

ညောင်လေးပင်မြို့နယ် ရွှမ်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

ညောင်လေးပင် ဧပြီလ ၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ရွှမ်းရွာကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်က ရှမ်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် စီမံကိန်းကို အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားပြီး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာသူ၊ကျေးရွာသားများက လုပ်ငန်းအဖွဲ့ဝင် ၁၂ ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ရွှမ်းရွာကျေးရွာကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

တို့ကျေးရွာ စာကြည့်တိုက်

- ရက်ကောင်းမှာ ပန္နက်ရိုက်
  စာကြည့်တိုက်ဆောက်ကြပြီ၊
  သစ်ဝါးတွေ ကိုယ်စီထမ်း
  ဝိုင်းဝန်းကူညီ၊
  စာဖတ်မှ တိုးတက်မည်
  ခေတ်သစ်ဆီ မျှော်မှန်း၊
  တို့ကျေးရွာ သာစေကြောင်း
  ပေါင်းစုကြိုးပမ်း။

- အလိမ္မာ စာမှာရှိလို့
  ကဝိတို့ ဆိုခဲ့သည်၊
  စာတန်ဆောင် အလင်းဓာတ်
  လွှမ်းပတ်ထုံကြည်၊
  စာကြည့်တိုက် "လင်းရောင်ခြည်"
  ရွှဲ့ဂုဏ်ရည် တစ်ခေတ်ဆန်း၊
  အသိပညာ ဝေဖြာလက်
  တိုးတက်ပွင့်လမ်း။

- တစ်အိမ်လျှင် စာတစ်အုပ်
  ရွေးထုတ်လို့ လှူကြသည်၊
  လူမိတ်ဆွေ စာအုပ်များ
  တိုးပွားခဲ့ပြီ၊
  အတွေးသစ် အမြင်ကြည်
  တက်နေခြည်အလား၊
  စိုက်ပျိုးကာ မွေးမြူလျက်
  တိုးတက်စီးပွား။

- စာကြည့်တိုက် အရှည်ခံ
  တည်တံ့ဖို့ တို့ဦးတည်၊
  စာချစ်စိတ် အသိကိန်းလို့
  ထိန်းသိမ်းပါမည်၊
  အေးချမ်းလို့ သာယာသည်
  ရွှေခေတ်ဆီ အရောက်လှမ်း၊
  ကိုယ့်အားကိုယ်ထူလို့
  ကိုယ့်အားကိုယ်ယူလို့၊
  စာချစ်သူ အားမာန်သစ်တွေနဲ့
  စာပေမွန် အမွေနှစ်ကို
  မြေးမြစ်လက်ကမ်း။ ။

မောင်ထည်ဝါ(ဗျော်ဘွယ်)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ခိုင်မာအားကောင်းလာသော နယ်စပ်ပြတ်ကျော် အီလက်ထရွန်နစ်ကုန်သွယ်မှုလုပ်ငန်း

လွန်ခဲ့သောနှစ်များအတွင်း အရှိန်အဟုန်မြင့်တိုးတက်လာသောနယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကုန်သွယ်မှုလုပ်ငန်း(CBEC)သည် ဒစ်ဂျစ်တယ်နိုင်ငံတကာကုန်သွယ်မှု၌ အများနှင့်သက်ဆိုင်သောပုံစံတစ်မျိုးဖြစ်လာလျက်ရှိသည်။ CBEC သည် ဗိုင်းရပ်ကူးစက်မှုအန္တရာယ်နည်းပါးခြင်း၊ လူချင်းထိတွေ့ဆောင်ရွက်မှုနည်းပါးခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးကဲ့သို့သော ကဏ္ဍများတွင် ဆိုးကျိုးသက်ရောက်မှုနည်းပါးခြင်း စသည့်အကျိုးကျေးဇူးများစွာရှိစေသည့် ကုန်သွယ်မှုပုံစံဖြစ်ကြောင်းကို ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ပိုမိုသိသာထင်ရှားလာခဲ့သည်။

အပြည်ပြည်ဆိုင်ရာစာပို့သမဂ္ဂ၏အဆိုအရ ကမ္ဘာတစ်ဝန်း လက်လီရောင်းချသည့် အီလက်ထရွန်နစ်ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ထရီလီယံရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ဟုဆိုသည်။ အဆိုပါတိုးတက်မှုနှုန်းသည် ကမ္ဘာလုံးဆိုင်ရာပျမ်းမျှတိုးတက်မှု၏နှစ်ဆရှိခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ကိုးရာခိုင်နှုန်းခန့်တိုးတက်နိုင်ကြောင်းမျှော်မှန်းထားရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် အာရှ-ပစိဖိတ်စီးပွားရေးလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ CBEC ၏ ၅၃ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပြီး စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၄၅၀ ထိရှိသည်။

တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၏ကုန်သွယ်မှုဈေးကွက်သည် ၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇ ထရီလီယံမှ ၅ ဒသမ ၅၂ ထရီလီယံထိ တိုးတက်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် တရုတ်နိုင်ငံ၏ CBEC သည် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၀ ဒသမ ၉၆ ဘီလီယံနှင့်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၅ ဒသမ ၁၂ ဘီလီယံအသီးသီးရှိခဲ့ပြီး သွင်းကုန်တန်ဖိုး ၃၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် ပို့ကုန်တန်ဖိုး ၁၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ CBEC သည် တရုတ်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှု စုစုပေါင်း၏ ငါးရာခိုင်နှုန်းကျော်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့်ဗီယက်နမ်တို့၏ ၂၀၂၀ ပြည့်နှစ်အတွင်း စုစုပေါင်း CBEC တန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ရှိခဲ့သည်။ အရှေ့တောင်အာရှ၏ အီလက်ထရွန်နစ်ကုန်သွယ်မှုဈေးကွက်သည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံသာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၃ ဘီလီယံထိ တိုးတက်လာခဲ့သဖြင့် နှစ်စဉ် ၃၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်။ ထို့ကြောင့် ကျယ်ပြန့်သော အီလက်ထရွန်နစ်ကုန်သွယ်မှု ပလက်ဖောင်းသည် ဒေသတွင်း၌ ပိုမိုတိုးတက်လာလျက်ရှိသည်။ တရုတ်နှင့် အာဆီယံကြား ပူးပေါင်းဆောင်ရွက်မှုသည်လည်း အပြုသဘောဆောင်သောရလဒ်များထွက်ပေါ်လာလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ပထမ လေးလပတ်ကာလအတွင်း အာဆီယံနိုင်ငံများသို့ တရုတ်နိုင်ငံ၏ CBEC ပို့ကုန်တန်ဖိုးသည် ၉၈ ဒသမ ၅ ရာခိုင်နှုန်းထိမြင့်တက်ခဲ့သည်။

ကိုဗစ်-၁၉ ကာလလုပ်ငန်းဆောင်ရွက်မှုများ

မကြာသေးမီနှစ်များအတွင်း တရုတ်နှင့်အာဆီယံတို့သည် အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံများ ဖြစ်လာခဲ့ပြီး CBEC တွင် ပူးပေါင်းဆောင်ရွက်မှုအတွက် မောင်းနှင်အားများဖြစ်ခဲ့သည်။ တရုတ်-လာအို ရထားလမ်းကဲ့သို့သော အကြီးစားအခြေခံအဆောက်အအုံများသည် တရုတ်-အာဆီယံချိတ်ဆက်မှုကို မြှင့်တင်လျက်ရှိပြီး ထုတ်ကုန်များအဆင်ပြေချောမွေ့စွာစီးဆင်းနိုင်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်း၌ တရုတ်အစိုးရသည် CBEC နှင့်စပ်လျဉ်း၍ လုပ်ငန်းလမ်းညွှန်မူဝါဒများထုတ်ပြန်ခဲ့ပြီး CBEC မှတစ်ဆင့် တင်သွင်းခဲ့သော ထုတ်ကုန်များအပေါ်စည်းကြပ်ခွန်ကောက်ခံမှု ၉ ဒသမ ၁ ရာခိုင်နှုန်းထိ လျှော့ချပေးခဲ့သည်။

အီလက်ထရွန်နစ်ကုန်သွယ်မှုဆိုင်ရာ အာဆီယံသဘောတူညီချက်သည် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် သက်ဝင်လှုပ်ရှားမှုရှိလာခဲ့သောကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံ၊ တရားဥပဒေကြောင်းနှင့်စည်းမျဉ်းစည်းကမ်းဆိုင်ရာမူဘောင်များ၊ အီလက်ထရွန်နစ်ပေးချေမှုနှင့်သဘောတူညီချက်များ၊ အွန်လိုင်းဝယ်ယူသုံးစွဲသူများကာကွယ်စောင့်ရှောက်ခြင်း၊ ဆိုက်ဘာလုံခြုံမှုနှင့်အုပ်ချုပ်ထောက်ပံ့မှုကဲ့သို့သောနယ်ပယ်များတွင် အလေးထားဆောင်ရွက်လာခဲ့သည်။ အီလက်ထရွန်နစ် ကုန်သွယ်မှုပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့သွားနိုင်ရေးအလို့ငှာ အာဆီယံနိုင်ငံများသည် မူပိုင်ခွင့်များနှင့်စပ်လျဉ်း၍ အွန်လိုင်းဥပဒေချိုးဖောက်မှုများ နှိမ်နင်းသွားရန် အရှိန်အဟုန်မြင့်ကြိုးပမ်းလျက်ရှိကြသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလထိ တရုတ်နိုင်ငံသည် အွန်လိုင်းသုံးစွဲသူ ၁ ဒသမ ၀၃၂ ဘီလီယံရှိခဲ့ပြီး အွန်လိုင်းသုံးစွဲမှုနှုန်း ၇၃ ရာခိုင်နှုန်းထိရောက်ရှိခဲ့သည်။ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းတို့အပါအဝင် အာဆီယံစီးပွားရေးအင်အားကြီးနိုင်ငံများသည် ဆက်သွယ်ရေးအခြေခံအဆောက်အအုံတည်ဆောက်မှုကို သိသိသာသာဆောင်ရွက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဒွန်လထိ ဘဏ္ဍနိုင်း၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့တွင် အင်တာနက်သုံးစွဲမှုနှုန်း ၈၀ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုဝန်ဆောင်မှုလုပ်ငန်းများမှာလည်း တရုတ်နှင့်အာဆီယံတို့တွင် တိုးတက်လာလျက်ရှိသည်။ ဒေသတွင်းဘဏ်စုံလွှမ်းခြုံသောစီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP)၏ အဆိုအရ အာရှ-ပစိဖိတ်ဒေသသည် CBECအတွက် ငွေပေးချေမှုဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးရာ၌ သိသိသာသာတိုးတက်လာလျက်ရှိသည်။ ယခင်က နိုင်ငံတကာကုန်သွယ်မှုတွင် လျစ်လျူရှုခံထားရသော အသေးစားနှင့် အငယ်စားကုမ္ပဏီများသည် လက်ရှိအချိန်တွင် CBEC ကျေးဇူးကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုနှင့်ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်သို့ တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ခိုင်မာအားကောင်းလာသော ပူးပေါင်းဆောင်ရွက်မှု တရုတ်နှင့်အာဆီယံတို့တွင်ချမှတ်လျက်ရှိသော မူဝါဒဆိုင်ရာအစီအမံများသည် အီလက်ထရွန်နစ်ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများကို အသားကျအောင်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းပုံစံများ အရှိန်မြှင့်တင်ရန်၊ CBEC အခန်းကဏ္ဍ အဆင့်မြှင့်တင်ရန်နှင့် ပြည်ပတွင် လက်လီ၊လက်ကားဆိုင်ကြီးများတည်ဆောက်ရာတွင် ကူညီသွားရန်ကတိကဝတ်ပြုထားသည်။ ၂၀၂၂ ခုနှစ် ဒွန်လတွင် တရုတ်ဗဟိုဘဏ်သည် နိုင်ငံခြားကုန်သွယ်မှုပုံစံသစ်များအတွက် ထောက်ပံ့ကူညီရန်နှင့် CBEC နှင့်အခြားသောနိုင်ငံတကာကုန်သွယ်မှုများတွင် ယွမ်ငွေပေးချေမှုဆိုင်ရာ မူဝါဒများတိုးတက်လာစေရန် မူဝါဒသစ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် အီလက်ထရွန်နစ်ကုန်သွယ်မှုဆိုင်ရာ အာဆီယံသဘောတူညီချက်နှင့်အတူ အာဆီယံ စီးပွားရေးလုပ်ငန်းများတွင် မူဝါဒအသစ်များစတင်ကျင့်သုံးခြင်းသည် ဒေသတွင်းနှင့်နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကုန်သွယ်မှုအသွင်ကူးပြောင်းရေးလုပ်ငန်းတိုးတက်မှုအတွက် အထောက်အကူများစွာ ဖြစ်စေမည်ဖြစ်သည်။ အလားတူ ကိုဗစ်-၁၉ ကာလတွင် ဖြစ်ထွန်းလာသော အိမ်တွင်းစီးပွားရေးလုပ်ငန်းသို့မဟုတ် အွန်လိုင်းစီးပွားရေးလုပ်ငန်းသည် လက်လီရောင်းချမှုဈေးကွက်ပုံစံပြောင်းလဲလာပြီး အွန်လိုင်းပေါ်မှ ဝယ်ယူသုံးစွဲမှုများ ပိုမိုများပြားလာခဲ့သည်။ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှား စသည့်အာဆီယံ ခြောက်နိုင်ငံတွင် အွန်လိုင်းရောင်းချမှုကိုလေ့လာရာတွင် ဒေသတွင်းစားသုံးသူ ၉၄ ရာခိုင်နှုန်းခန့်သည် အွန်လိုင်းဈေးဝယ်ယူချက်၌ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အီလက်ထရွန်နစ်ကုန်သွယ်မှုအသုံးပြုရာတွင် အခက်အခဲများကျော်လွှားနိုင်ရန်ကူညီသွားမည်ဖြစ်ကြောင်း ဖော်ပြထားရှိသည်။ ထို့ပြင် အွန်လိုင်းမှတစ်ဆင့် ဝယ်ယူစားသုံးသူများနှင့် ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို အကာအကွယ်ပေးသွားရန် RCEP သဘောတူညီချက်၌ ဖော်ပြထားသည်။

အနာဂတ်ဓိန်ဧေါ်မှုများ

ကိုဗစ်-၁၉ ရောဂါ၊ ယူကရိန်းအရေးနှင့် ကမ္ဘာလုံးဆိုင်ရာငွေကြေးဖောင်းပွမှုတို့သည် ကုန်စျေးနှုန်းနှင့်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာအချိန်များပိုမိုကုန်ကျကြီးမြင့်လာလျက်ရှိသည်။ သာဓကအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စာတိုက်ချောပို့လုပ်ငန်းစရိတ်သည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ၄၀ ရာခိုင်နှုန်းကျော်မြင့်တက်လာခဲ့သည်။ ဒစ်ဂျစ်တယ်ကုန်သွယ်မှု၊ CBEC တို့နှင့်စပ်လျဉ်း၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအတော်များများတွင် မသေချာမရေရာမှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ မကြာသေးမီကပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့၏ (၁၂)ကြိမ်မြောက်ဝန်ကြီးများအစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများသည် အီလက်ထရွန်နစ် ကုန်သွယ်မှုကူးပြောင်းသည့်အစီအစဉ်ကိုကာလထပ်မံတိုးမြင့်ပေးရန် သဘောတူညီခဲ့သည်။

အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် တောင်အာဖရိကတို့ကဲ့သို့သော ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများက ဒစ်ဂျစ်တယ်အဆင့်မြှင့်တင်နိုင်သောနိုင်ငံများနှင့် အကြီးစားနိုင်ငံတကာဒစ်ဂျစ်တယ်ပလက်ဖောင်းများသည် အကျိုးကျေးဇူးများစွာရရှိလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများသည် စည်းကြပ်ခွန်များစွာ ပေးဆောင်ရလျက်ရှိကြောင်း ပြောဆိုလျက်ရှိသည်။ အမှန်တော့ ကမ္ဘာနိုင်ငံများနှင့်ဒေသများကြား ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ၊ လူသားအရင်းအမြစ်များနှင့် ဒစ်ဂျစ်တယ်အဆင့်အတန်းများ ကွာခြားနေခြင်းသည် CBEC တိုးတက်မှုကို အကန့်အသတ်ဖြစ်စေနိုင်သည်။

ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်ချိတ်ဆက်မှု ခိုင်မာအားကောင်းစေရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် ရပ်ဝန်းနှင့်ပိုးလမ်းမစီးပွားရေးစီမံကိန်းတွင်ပါဝင်သော နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်မှုများလုပ်ဆောင်ခြင်းသည် ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်ရှိ ပြည်သူများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှပြည်သူများကို CBEC ဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုဗစ်-၁၉ အလွန် ပူးပေါင်းဆောင်ရွက်မှုတို့မှ အကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်သည်။

❖ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့်ဗီယက်နမ်တို့၏ ၂၀၂၀ ပြည့်နှစ်အတွင်း စုစုပေါင်း CBEC တန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ရှိခဲ့သည်။ အရှေ့တောင်အာရှ၏ အီလက်ထရွန်နစ်ကုန်သွယ်မှုဈေးကွက်သည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံသာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၃ ဘီလီယံထိ တိုးတက်လာခဲ့သဖြင့် နှစ်စဉ် ၃၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်။ ❖

ကိုးကား

- Roboust Cross-Border E-Commerce Cooperation by Beijing Review.

မောင်သောင်းဝင်း(တမန်ဟောင်း)

တောင်ကိုရီးယားနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်

ရန်ကုန်တိုင်းဒေသကြီးရှိ ကဏာန်းပျော်မွေးမြူရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တောင်ကိုရီးယားနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းထံမှ သိရသည်။

မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ကိုရီးယားနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် Korea Foods Industry Development Association (KFIDA) ဥက္ကဋ္ဌ Mr. Christophe Kim ဦးဆောင်သော အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း ဦးဆောင်သော အဖွဲ့ဝင်များကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ဇူလိုင် ၆ ရက်က ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံက လယ်ယာထွက်ကုန်တွေ တောင်ကိုရီးယားနိုင်ငံကို တရားဝင်တင်ပို့နိုင်ဖို့ကိုလဲ ထည့်သွင်းဆွေးနွေးခဲ့တယ်။ မြန်မာနိုင်ငံက လယ်ယာထွက်ကုန်တွေ ဝယ်ယူတင်သွင်းဖို့ကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို တောင်ကိုရီးယားနိုင်ငံ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ဟာ နိုဝင်ဘာလအတွင်း လာရောက်နိုင်ဖို့ကိုလဲ နှစ်နိုင်ငံဆွေးနွေးခဲ့ပါတယ်။ လက်ရှိအနေအထားကတော့ မြန်မာနိုင်ငံကနေ တောင်ကိုရီးယားနိုင်ငံကို နှမ်းနက်၊ ကဏာန်းပျော့နဲ့ သစ်သီးဝလံတွေကို အဓိကတင်ပို့နေပါတယ်"ဟု ဦးအေးဝင်းက ပြောပြသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ကြား အပြန်အလှန်ဈေးကွက်အခွင့်အလမ်းများ ရှာဖွေနိုင်ရေးအပြင် KFIDA အနေဖြင့် UMFCCI နှင့် စီးပွားမိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အလားတူ တောင်ကိုရီးယား-မြန်မာစီးပွားရေးနှင့် ကုန်စည်ပြပွဲများ အကျိုးတူကျင်းပပြုလုပ်မည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် စီးပွားရေးဆိုင်ရာပြပွဲများတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ ပိုမိုပါဝင်တက်ရောက်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ASH

နမ့်ခမ်းမြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

နမ့်ခမ်း ဇူလိုင် ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် မန့်ဟောင်းကျေးရွာအုပ်စု မန့်ဟောင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဦးတင့်နိုင်မိုးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နမ့်ခမ်းမြို့နယ် မန့်ဟောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏လုပ်အား၊ ငွေအားထည့်ဝင်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက ပြောပြ၍ သိရသည်။

ကျော်စိုး

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၀၀ ဧက စိုက်ပျိုးပြီးစီး

ကျွန်းလှ ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၀၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၇၂၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ စတုတ္ထပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၃၅၀၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မြေပဲ ဧက ၇၂၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ မြေပဲ ၃၅၀၀ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်တဲ့မြေပဲတွေကို ဆက်လက်စိုက်ပျိုးနေကြတယ်။ မြေပဲကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မြေပဲစိုက်ပျိုးမှာ တော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်သလို အထွက်နှုန်းကောင်းမွန်လျက်ရှိပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ကျွန်းလှမြို့နယ်တွင် ပြီးခဲ့သည့် နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲ ဧက ၇၂၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

ရွှေကူမြို့နယ် ကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

ရွှေကူ ဇူလိုင် ၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ပန်းတင်-မြိုင်သာ-လမ်းခူး-ခေါလဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးမိုင်းရင်နှင့် တာဝန်ရှိသူများက ပန်းတင်- မြိုင်သာ-လမ်းခူး-ခေါလဲ-တာလီ- စင်းဖုတ် ကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (မြို့ပြ) ဦးမိုင်းရင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါလုပ်ငန်းများကို ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၅ သန်း အသုံးပြု၍ ယခုနှစ် ၎င်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပန်းတင်ကျေးရွာ၊ မြိုင်သာကျေးရွာ၊ လမ်းကူးကျေးရွာ၊ ခေါလဲကျေးရွာ၊ တာလီကျေးရွာ၊ စင်းဖုတ်ကျေးရွာတို့မှ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည့်အပြင် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ဦးစီးအရာရှိ(မြို့ပြ) ဦးမိုင်းရင်ထံမှ သိရသည်။

အေးသူ

မင်းတုန်းမြို့နယ် ငလှိုင်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ပို့ချ

မင်းတုန်း ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငလှိုင်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းများသင်တန်းကို ဇူလိုင် ၇ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းစီမံခန့်ခွဲမှုနှင့်ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည်အကျိုးကျေးဇူးများ၊ သင်တန်းက သင်ကြားပေးသည့်သင်ခန်းစာများကို လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချနိုင်သည်ထိ ကြိုးစားသင်ယူစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းက သင်ကြားပေးမည့် သင်ခန်းစာများ အကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ငလှိုင်စမ်းကျေးရွာအပါအဝင် ကျေးရွာ ၁၀ ရွာမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြ ဆရာ၊ ဆရာမများက မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းများကို တစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်က ပြောပြ၍ သိရသည်။

ကိုညို

ကိုဗစ်-၁၉ ရောဂါကူးဆက်မှုကိုအာကာသယာဉ်ထဲတွင် အထောက်အကူပြုစမ်းစေရန်

ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

မြန်မာ့ရိုးရာလက်မှုပညာ ပန်းဆယ်မျိုး၏ ပန်းတစ်ပွင့်

မြန်မာ့ရိုးရာ လက်မှုပညာ ပန်းဆယ်မျိုးရှိသည်။ ၎င်းတို့မှာ ပန်းပဲ၊ ပန်းရန်၊ ပန်းပု၊ ပန်းထိမ်၊ ပန်းချီ၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းတဉ်း၊ ပန်းတော့နှင့် ပန်းတမော့တို့ဖြစ်ကြသည်။

ပန်းဆယ်မျိုးထဲမှ တစ်မျိုးဖြစ်သော ပန်းပဲလုပ်ငန်းသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက ရှိခဲ့သည်။ ပန်းပဲလုပ်ငန်းသည် သံထည်အမျိုးမျိုးပြုလုပ်သည့် အတတ်ပညာဖြစ်သည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် ပန်းပဲလုပ်ငန်းသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ရှေးက မြန်မာမင်းများကိုင်ဆောင်လေ့ရှိသော သန်လျက်၊ ဓားနှင့် မင်းညီမင်းသား၊ စစ်သူကြီးများ၊ စစ်သည်တော်များကိုင်ဆောင်အသုံးပြုသော ဓား၊ လှံများကို ပန်းပဲလုပ်ငန်းမှထုတ်လုပ်ပေးသည်။

ပုဂံခေတ်မတိုင်မီကပင် ဓား၊ လှံ မီးပေါက် လုပ်ငန်းများကို လုပ်ကိုင်ကြသဖြင့် "ပန်းဘဲ" သို့မဟုတ် "ပန်းဖယ်" "ပန်းဖဲ"ဟုရေးသားခဲ့ဖူးကြောင်းကို "၅၉၅ ခုနှစ်ထိုး ပုဂံမြို့ ဝံသီးဘုရားကျောက်စာ" နှင့် "၅၉၈ ခုနှစ်ထိုး ပုဂံစောလှဝန်ဘုရားကျောက်စာ"တွင် "ပန်းဖယ်"ဟူ၍ လည်းကောင်း၊ "၇၂၄ ခုနှစ်ထိုး အမရပူရပုထိုးတော်ကြီးကျောက်စာ"အမှတ် ၁၆၄ တွင် "ပန်းဖဲ"ဟူ၍ လည်းကောင်း၊ စစ်ကိုင်းကောင်းမူတော်ကျောက်စာတွင် "ပန်းဘဲ"ဟူ၍ လည်းကောင်း တွေ့ရသည်။ ကုန်းဘောင်ခေတ်တွင် ပန်းပဲမင်းကြီးဦးမို့သည် ထင်ရှားသောပန်းပဲဝန်တစ်ဦးဖြစ်သည့်အတွက် ကုန်းဘောင်ခေတ်မှာလည်း ပန်းပဲလုပ်ငန်းများ လုပ်ကိုင်နေကြကြောင်း တွေ့ရသည်။

ပန်းပဲလုပ်ငန်းသည် သံကိုမီးအားကောင်းကောင်းဖြင့် ရဲနေအောင်ဖုတ်၍ လိုရာသံထည်ပစ္စည်းပြုလုပ်သည့်လုပ်ငန်းဖြစ်သည်။ ဓားအမျိုးမျိုး၊ သံတူးရွင်း၊ ပုဆိန်၊ ပဲခွပ်၊ လှံ၊ ခက်ရင်းခွ၊ ပေါက်ချွန်း၊ မှိန်း၊ စူး၊ ဆောက်၊ စို့၊ သစ်ခုတ်ခွန်၊ ရဲတင်း၊ တံစဉ် စသည့်တို့ကိုထုတ်လုပ်သည်။ ထို့ပြင် လှည်းနှင့်ပတ်သက်သော လှည်းသံပတ်၊ လှည်းဝင်ရိုး၊ ဆိတ်မျက်လုံး စသည့်ပစ္စည်းများကိုလည်း ပြုလုပ်သည်။ ထို့ပြင် ကတ်ကြေး၊ ထွန်ခြစ်၊ တောင်သူသုံးသံထယ်သွား၊ သံထယ်၊ သံဂျုတ်များကိုလည်း ထုတ်လုပ်သည်။ ထုတ်လုပ်သည့်ပစ္စည်းများအလိုက် ပန်းပဲလုပ်ငန်းအခေါ်အဝေါ်များလည်း ကွဲပြားမှုရှိသည်။ ဓား၊ လှံ စသည်တို့ကို ထုတ်လုပ်သော ပန်းပဲလုပ်ငန်း၊ လှည်းနှင့်ပတ်သက်သော ပစ္စည်းများ ထုတ်လုပ်သောလှည်းမီးချပန်းပဲ စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြသည်။

ပန်းပဲလုပ်ငန်းသည် နံနက်မိုးသောက်ချိန်မှစ၍ တစ်နေကုန်သည်ထိ ပန်းပဲဖိုအနီးတွင် ပန်းပဲလုပ်သားများသည် ပင်ပန်းကြီးစွာ အားစိုက်ထုတ်၍ လုပ်ကိုင်ရသည့်လုပ်ငန်းဖြစ်သောကြောင့် ပန်းပဲလုပ်သားများမှာ အလွန်ပင်ပန်းကြသည်။ သို့သော်လည်း ကိုယ်ကာယစိုက်ထုတ်လုပ်ကိုင်ရသောကြောင့် ကြံ့ခိုင်သန်စွမ်းကြသည်။ ကိုယ်ကာယလေ့ကျင့်ခန်းသဖွယ် လှုပ်ရှားလုပ်ကိုင်ရသောကြောင့် ချွေးတစိုစိုနှင့်ကျန်းမာရေးအတွက်လည်း ကောင်းသည်။

မြန်မာ့ရိုးရာလက်မှုပညာဖြစ်သော ပန်းပဲလုပ်ငန်းကို နိုင်ငံအနှံ့အပြားတွင် လုပ်ကိုင်ကြသည်။ နေရာဒေသအလိုက် နာမည်ကြီးပန်းပဲလုပ်ငန်းများရှိသလို ထင်ရှားသည့် ပန်းပဲဆရာများလည်းရှိကြသည်။ ဓားအမျိုးမျိုးထုတ်လုပ်သော ပန်းပဲသည် ဓားနှင့် အခြားသံထည်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးသည်။ ထိုသို့ထုတ်လုပ်ရာတွင် ကုန်ကြမ်းများကို ဝယ်ယူလုပ်ဆောင်ရသည်။ ၎င်းကုန်ကြမ်းများမှာ သံ၊ မီးသွေး၊ သံဖြတ်လွှ၊ တံစဉ်းနှင့် အခြားလိုအပ်သော ပစ္စည်းများဖြစ်သည်။ တစ်ခါတစ်ရံ မီးသွေးကိုမဝယ်ဘဲ ကိုယ်တိုင်မီးသွေးဖုတ်သည့်အခါ ဖုတ်ကြသည်။

ပန်းပဲလုပ်ငန်းတွင် အသုံးပြုရသောပစ္စည်းကိရိယာများရှိသည်။ ဒေသအခေါ် ရိုက်ပေ(ခံပေ)၊ ဆင်းပေ၊ ဆယ်ပေါင်ခန့်ရိုက်တူကြီး နှစ်လုံး၊ ပန်းပဲ

မြန်မာ့ရိုးရာလက်မှုပညာ ပန်းပဲလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

ဆရာ လက်ကိုင်လက်သား တူသေးတစ်လုံး၊ ဆင်းတူလေးတစ်လုံး၊ မီးညှပ်များ၊ သံများခွဲစိတ်ရန်စို့များ၊ ရေထည့်ထားသော အသားထွင်းလှေငယ်တစ်စင်း၊ မီးသွေးကန်၊ လေဖို၊ မီးကျင်း၊ မီးအုပ်ဆောင်း၊ မီးသွေး ဂေါက်၊ ကိုက်၊ တံစဉ်း စသည်တို့ဖြစ်သည်။ ရိုက်ပေသည် လုံးပတ်အဝန်း ပေဝက်ခန့်မျက်နှာပြင်ကို တံစဉ်း၊ ကိုက်တို့ဖြင့် ပွတ်ချော၍ မျက်နှာပြင်ကို မုန့်ပေါင်းပမာအလယ်တွင် မို့မို့လေးထားကာ ဘေးဘက်ဆီသို့ မသိမသာ အနည်းငယ် စီနိမ့်ဆင်းပေးထားသည်။

ထို့နောက် ဒေသအခေါ် ဆေးသားတင်ကြသည်။ ရိုက်ပေသည် အလွှား နှစ်ပေကျော်ရှည်သည်။ ၎င်းကို သင့်တော်မည့်ကုက္ကိုတုံးများဖြင့် ထွင်းထည့်ကာ မြေကြီးအတွင်းသို့ ပေတုံးများကို အနေတော်မြှုပ်နှံ၍ သဲဖို့ထားရသည်။ လုပ်ငန်းခွင်တွင် ထုရိုက်သောအခါ "ပေ"များချောင်မသွားစေရန် "ပေ"ရင်းနှင့် သစ်သားတုံးအစပ်ကို သံသပ်များရိုက်ထားသည်။ "ဆင်းပေ"သည် ရိုက်ပေလောက်မကြီးပေ။ ရိုက်တူကြီးများကို တစ်တောင်ထွာခန့် ဝါးမာတူရိုးများတပ်ထားသည်။ လက်သားတူနှင့် ဆင်းတူများကိုလည်း သင့်တော်သည့် အရှည်ရှိသော ဝါးမာတူရိုးများတပ်ထားသည်။ လေဖိုသည် မီးဖိုကျင်းထဲမှ မီးများအဆက်မပြတ်လောင်ကျွမ်းစေရန် လေမှုတ်ထုတ်ပေးသောကိရိယာဖြစ်သည်။ သစ်သားအိမ် သို့မဟုတ် သံထည်အိမ်များဖြင့်ပြုလုပ်ထားပြီး အထဲတွင် သံပြား၊ ပန်ကာ၊ ဒလက် နှစ်ခုတပ်ဆင်ထားသည်။ တချို့က ဖားဖိုကိုအသုံးပြုကြသဲဖြစ်သည်။ မီးကျင်းကို အုတ်ရွှံ့တို့ဖြင့် ပြုလုပ်ထားပြီး မီးသွေးထည့်ရန် မီးသွေးကန်ကို သစ်သားပြားများ သို့မဟုတ် သံပြားများဖြင့်လုပ်ထားသည်။ လုပ်ငန်းခွင်တွင် မီးအန္တရာယ်ကင်းရှင်းရန် မီးဖိုကျင်းပေါ်တည့်တည့်တွင် အနည်းငယ်မြင့်သောနေရာ၌ မီးအုပ်ဆောင်းကို ချိတ်ဆွဲပေးထားရသည်။ မီးအုပ်ဆောင်းကို စည်ပိုင်းထိပ်ပိတ် သို့မဟုတ် ဖင်ပိတ်အပြားများဖြင့် လုပ်ထားကြသည်။ ကိုက်နှင့် တံစဉ်းကိုလည်း လက်ကိုင်ရန်အတွက် ဝါးရိုးလေးများတပ်ထားကြသည်။

ပန်းပဲလုပ်ငန်းတွင် ဒေသအခေါ် ဖိုထိုင်ဆရာ(ပန်းပဲဆရာ)၊ ပန်းပဲလုပ်သားနှစ်ဦး သို့မဟုတ် သုံးဦး၊ ဖိုဆွဲတစ်ဦးနှင့် အကူလုပ်သားများ၊ ပညာသင်လုပ်သားများဖြင့် စုပေါင်းလုပ်ကိုင်ကြသည်။ ပန်းပဲလုပ်ကိုင်သူအားလုံးအတွက် လုပ်အားခကို နေ့တွက်ဖြင့်လည်းကောင်း၊ ပစ္စည်းအရေအတွက်ကျနှင့်လည်းကောင်းပေးရသည်။ ပန်းပဲဆရာသည်လုပ်အားခ အများဆုံးရသူဖြစ်သည်။ ပန်းပဲလုပ်သားနှစ်ဦးသည် ဖိုဆွဲသူထက် လုပ်အားခပိုရသည်။ ပညာသင်လုပ်သားများမှာ လုပ်အားခရရှိခြင်းမရှိပေ။ ပန်းပဲလုပ်ငန်းသည် "သံစိမ်း"မှ မိမိတို့လိုရာ သံထည်ပစ္စည်းများ ရရှိရန် အဆင့်ဆင့်လုပ်ဆောင်ရသည်။ ပထမဦးစွာ သံစိမ်းများကိုလိုအပ်သည့်အတိုင်းအတာများ ဖြတ်တောက်ခွဲစိတ်ရသည်။

ထို့နောက် မိမိတို့လိုရာသံထည်ပစ္စည်း (ဥပမာ-ဓား) တစ်ချောင်းဖြစ်အောင် ခွဲစိတ်ပြီးသားသံစိတ်များကို မီးရဲအောင်ဖုတ်ပြီး ဒေသအခေါ် ဖိုထိုင်ဆရာက မီးရဲနေသောသံစိတ်ကို ညှပ်ဖြင့်ကိုင်ကာ လိုချင်သည့်ပုံရအောင် ရိုက်ပေပေါ်တင်၍ ပန်းပဲလုပ်သားနှစ်ဦးကို ရိုက်တူများဖြင့် ထုရိုက်စေသည်။ ထိုသို့ထုရိုက်နေစဉ် ပန်းပဲဆရာက မီးရဲနေသော သံစိတ်ကို ညှပ်ဖြင့်ကိုင်ကာ ဆွဲလိုက်၊ ထောင်လိုက်၊ ပြားလိုက်ဖြင့် လိုအပ်သလို လုပ်ပေးရသည်။

ထို့ပြင် ၎င်းကိုယ်တိုင်လိုအပ်သည့်နေရာတချို့ကို လက်သားတူလေးဖြင့် ထပ်ဖြည့်ထုရသည်။ ပန်းပဲလုပ်သားနှစ်ဦးကလည်း အတွဲညီညီ ပန်းပဲဆရာ အလိုကျပူးပေါင်းဆောင်ရွက်ပေးကြသည်။ သံစိတ်မှ ဓားတစ်ချောင်းဖြစ်လာရန် ထုရိုက်သွင်းလောင်းရာ၌ မီးရဲလိုက်ထုရိုက်လိုက်၊ မီးအေးလိုက် မီးဖုတ်လိုက်နှင့် လုပ်ကိုင်ရပြီး တစ်ခါမီးရဲ၍ ထုရိုက်ကြလျှင် ဒေသအခေါ် "တစ်မီး"ဟု "မီး"ယူနစ်နှင့် သတ်မှတ်ကြသည်။ ဓားတစ်ချောင်းလုံးပြီးရန် "မီး"အရေအတွက် မည်မျှကြာသည်ဟုလည်း မှတ်သားထားကြသည်။ ဓားပုံကြမ်းလောင်းပြီးသား ဓားလောင်းများကို ပန်းပဲဆရာတစ်ဦးတည်း ဖိုဆွဲနှင့်အတူ ဓားအချောထည်များရရှိအောင် ဒေသအခေါ် ဓားဖွင့်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရသည်။ ဓားလောင်းများပေါ်က မသပ်မရပ်ရှိနေသော "တူ"ရာ "ပေ"ရာများကို ပန်းပဲဆရာကိုယ်တိုင် လက်သားတူလေးဖြင့် ထုရိုက်ကာ "တူ"ရာ "ပေ"ရာပြောင်အောင်လုပ်ရသည်။ ဆက်လက်ပြီး ဓားလောင်းမှ ဓားချောင်ထစ်၊ ဦးဖြတ်စသည့်လုပ်ဆောင်စရာများကို လုပ်ကိုင်ပြီး ဓားအချောထည်ရရှိရန် အောက်ခွင်သို့ချပေးလိုက်သည်။ ဒေသအခေါ် အောက်ခွင်သည် သံများကိုဖြတ်တောက်ခွဲစိတ်ပြီး ဓားလောင်းမှတစ်ဆင့် ဓားဖွင့်ပြီးသည်ထိ အထက်ခွင်မှ ချပေးသောဓားပုံကြမ်းကို အချောသပ်ကိုင်ပေးရသည့်အပိုင်းဖြစ်သည်။

အောက်ခွင်နှင့် ဓားပုံကြမ်းများကို သေသပ်ညီညာအောင်ဆင်းပေပေါ်တွင်တင်၍ ပန်းပဲလုပ်သားတစ်ဦးက ဆင်းတူဖြင့် ထုရိုက်ရသည်။ ၎င်းကို "ဓား"ဆင်းသည်ဟုလည်းခေါ်ကြသည်။ ၎င်းဆင်းပြီးသား ဓားကို အခြားပန်းပဲလုပ်သားတစ်ဦးက တံစဉ်းဖြင့် ပွတ်တိုက်အသွားညှိကာ ပိုမိုချောစေရန် ကိုက်ဖြင့် ထိုးပေးသည်။ အသွား(ဓားသွား)ကို တံစဉ်းကိုက်များကိုသုံးပြီး အသွားဖော်ကာ ဓားကိုအချောသပ်ကြသည်။ အောက်ခွင်လုပ်ငန်းပြီးဆုံးသွားသောအခါ ၎င်းဓားအချောထည်များကို ပန်းပဲဆရာက ဒေသအခေါ် ဆေးသားတင်ရန် အသွားဘက်ကိုမီးဖုတ်၍ သင့်တော်သော ဆေးသားရရန် ရေထည့်ထားသည့် လှေထဲသို့ ဓားသွားပိုင်းကို ရေချပေးရသည်။ ဓားဆေးသည်ဟုလည်း ခေါ်ကြသည်။

ဤအပိုင်းကို ပန်းပဲဆရာက အထူးဂရုစိုက်ရသည်။ ၎င်း၏ကျွမ်းကျင်မှုနှင့်လည်း သက်ဆိုင်သည်။ ဆေးသားပြင်းလျှင် (ဆေးသားမာလျှင်)အသွားများ ပဲ့တတ်ပြီး ဆေးသားပျော့လျှင်လည်း အသွားများ ခွေတတ်သည်။ အားလုံးဓားဆေးပြီးသောအခါ လက်ရာသေသပ်လှပသည့် ဓားတစ်လက်ကို ရရှိနိုင်သည်။ ဤသို့ဖြင့် ပန်းပဲဆရာ၏လုပ်ငန်းကျွမ်းကျင်မှု၊ ပန်းပဲလုပ်သားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပန်းပဲလုပ်ငန်းမှ ထုတ်ကုန်ပစ္စည်းကောင်းများရရှိသည်။

စာရေးသူတို့နယ်တွင် ယခင်က ပန်းပဲလုပ်ငန်းကို ဘိုးစဉ်ဘောင်ဆက် တွင်ကျယ်စွာလုပ်ကိုင်ကြသည်။ မုံရွာနယ်၊ အလုံပန်းပဲတန်းမှ ထုတ်လုပ်သော ဓားအမျိုးမျိုးနှင့် အခြားသံထည်ပစ္စည်းများမှာ နာမည်ကြီးလှသည်။ ချင်းတွင်းအထက်ပိုင်းသို့ လှေ၊ သင်္ဘော၊ မော်တော်ရေယာဉ်များဖြင့် တင်ပို့ရောင်းချကြသည်။ ထိုအချိန်က ဒေသတွင်းလုပ်ငန်းဖွံ့ဖြိုးသောကြောင့် စီးပွားရေးလည်း အဆင်ပြေကြသည်။

ယခုအခါတွင် စက်မှုလက်မှုထွန်းကားလာခြင်း၊ ကုန်ကြမ်းများရှားပါးခြင်း၊ အလုပ်သမားများ ရှားပါးခြင်းနှင့် ရောင်းဝယ်ဖောက်ကားမှုနည်းပါးလာခြင်းတို့ကြောင့် မြန်မာ့ရိုးရာလက်မှုပညာဖြစ်သော ပန်းပဲလုပ်ငန်းသည် တဖြည်းဖြည်းတိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်လာသည်။ ထိုသို့ မဖြစ်စေရန် မြန်မာ့ရိုးရာလက်မှုပညာများကို ထိန်းသိမ်းသောအနေဖြင့် ပန်းပဲလုပ်ငန်းကို ခေတ်နှင့်အညီ တိုးတက်အောင် ပြုပြင်ပြောင်းလဲလုပ်ဆောင်သင့်ပေသည်။

ကိုးကား

- **မြန်မာ့ပန်းပဲ-မှတ်ကျောက်**

အောင်ကျော်ဦး(ပန်းသင်)

ချစ်စရာအရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

ကျန်းမာသန့်ရှင်း ရောဂါကင်း

မင်္ဂလာပါ ကလေးတို့ရေ။ တစ်ခါတုန်းကပေါ့ကွယ်။ ရွှေပြည်အေးဆိုတဲ့ ရွာလေးတစ်ရွာမှာ ဦးဘမောင်နဲ့ ဦးအောင်မြတို့မိသားစုနှစ်စုဟာ အိမ်နီးချင်းတွေဖြစ်ပြီး ချစ်ချစ်ခင်ခင်နေထိုင်ကြသတဲ့။ ဒါပေမဲ့ သူတို့မိသားစုနှစ်စုဟာ အိမ်နီးချင်းဖြစ်ပေမဲ့ အသွင်မတူကြဘူးတဲ့ကွယ်။ ဦးဘမောင်တို့မိသားစုဟာ စည်းစနစ်ကျကျနဲ့ သန့်သန့်ရှင်းရှင်းနေထိုင်ကြပေမဲ့ ဦးအောင်မြတို့မိသားစုကတော့ ဖြစ်သလိုနေထိုင်ကြလို့ အိမ်နှစ်အိမ်ယှဉ်ကြည့်ရင်တောင် ကွာခြားမှုတွေက အများကြီးတွေ့ရသတဲ့ကွယ်။

ဦးဘမောင်တို့မိသားစုဟာ အိမ်ရှိလူကုန်အားလုံး အလုပ်တာဝန်ကိုယ်စီနဲ့ အိမ်သန့်ရှင်းရေး၊ မီးဖိုချောင်သန့်ရှင်းရေး၊ အိမ်နောက်ဖေးမြောင်းကအစ သန့်သန့်ရှင်းရှင်းနဲ့နေကြသတဲ့။ ခြင်ခိုအောင်းနိုင်တဲ့ချုံတွေ၊ အပင်တွေဆိုလဲ မိုးမကျခင် ခုတ်ထွင်ရှင်းလင်းကြတယ်။ အစားအသောက်တွေကိုလဲ ယင်မနားအောင် အုပ်ဆောင်းနဲ့ လုံလုံခြုံခြုံထားတာပေါ့။ ယင်လုံအိမ်သာကိုလဲ သေသေသပ်သပ်၊ လုံလုံခြုံခြုံလေးဆောက်ကြပြီး ကလေးတွေကိုလဲ စည်းကမ်းတကျသုံးတတ်အောင် သင်ပေးသတဲ့ကွယ်။ ဒါကြောင့် သူတို့အိမ်လေးဟာ သန့်ရှင်းသပ်ရပ်ပြီး ကလေး၊ လူကြီးမကျန် ကျန်းမာရေးနဲ့ညီညွတ်ကြလို့ ပျော်စရာကောင်းတဲ့ မိသားစုလေးဖြစ်နေတာပေါ့ကွယ်။

သူတို့အိမ်နဲ့ဆန့်ကျင်ဘက် ဦးအောင်မြတို့ မိသားစုကတော့ ဖြစ်သလိုနေထိုင်ကြသတဲ့။ အမှိုက်တွေကို တွေ့တဲ့နေရာပစ်တယ်။ မြောင်းတွေ၊ ချုံတွေကို မရှင်းတော့ ခြင်တွေကပေါတာပေါ့ကွယ်။ အစားအစာတွေဆိုလဲ ယင်လုံအောင် မထားတော့ ယင်ကောင်တွေအုံခဲနေတဲ့အစားအစာတွေကို ကလေးတွေက စားမိကြတာပေါ့။ အိမ်နောက်ဖေးကိုလဲ ကြုံတဲ့နေရာဖြစ်သလိုသွားကြတော့ နံစော်နေတာပေါ့ကွယ်။ သူတို့ကိုယ်တိုင်ကလဲ သန့်ရှင်းရေးလုပ်ဖို့အပျင်းထူကြတော့ နေမြဲအတိုင်းနေကြတာပေါ့။ အိမ်နီးချင်းဦးဘမောင်ကပြောပေမဲ့လဲ မသိသလိုနေနေသတဲ့ကွယ်။ သူတို့ကို ဆရာလာမလုပ်နဲ့လို့ပြောတော့ ဘယ်သူမှ အမုန်းခံပြီးမပြောတော့ဘူးတဲ့ကွယ်။ ဒီလိုနဲ့ မိုးဦးကျရာသီရောက်လာတော့တာပေါ့ကွယ်။

တစ်နေ့မှာ ဦးအောင်မြ နောက်ဖေးသွားရင်း အမှတ်မထင် ချုံတွေကြားထဲမှာ ခိုအောင်းနေတဲ့ မြွေကကိုက်လိုက်လို့ လဲကျသွားသတဲ့။ အချိန်မီသိလိုက်ပြီး ရွာဆေးခန်းကိုရောက်သွားလို့ အသက်ဘေးကလွတ်ရတယ်တဲ့ကွယ်။ ထပ်ပြီးတော့ သူတို့ရဲ့သမီးငယ်လေးဟာ ယင်နားစာတွေ အစားများလို့ ဝမ်းလျှောရောဂါဖြစ်ပြီး မြို့ဆေးရုံကို တက်ရပြန်သတဲ့။ အိမ်မှာစုထားတာလေးတွေ ကုန်တဲ့အပြင် သူများဆီကတောင်ချေးငှားရသတဲ့။ ထပ်ပြီး သူ့သားအကြီးကောင်လေးဟာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြန်တော့ တစ်ရွာလုံးကသနားပြီး ကူညီလိုက်လို့ အသက်အန္တရာယ်ကလွတ်ကင်းသွားတာပေါ့။ နောက်မှ ဦးအောင်မြကိုယ်တိုင် သူတို့ ပေါ့ပေါ့ဆဆ စည်းကမ်းမရှိနေခဲ့ကြလို့ အခုလို ဒုက္ခရောက်ရတာဖြစ်တာလို့ တွေးပြီး နောင်တရနေတာပေါ့ကွယ်။ ဦးဘမောင်ကိုယ်တိုင်လဲ အိမ်နီးချင်းဦးအောင်မြအိမ်ကိုသွားပြီး ကိုယ်တိုင်ဝိုင်းကူရှင်းလင်းပေးတော့ သူတို့အိမ်လေးလဲ သန့်ရှင်းသပ်ရပ်သွားတာပေါ့ကွယ်။ နောက်ပိုင်း ဦးအောင်မြတို့မိသားစုလဲ သန့်သန့်ရှင်းရှင်းနဲ့ စည်းကမ်းတကျနေတတ်သွားလို့ အားလုံးကျန်းကျန်းမာမာနဲ့ မိသားစုပျော်ပျော်ရွှင်ရွှင်နေသွားကြသတဲ့ကွယ်။

ဒီပုံပြင်လေးကိုဖတ်ပြီး ကလေးတို့လဲ မှတ်ထားရမယ်နော်။ မိမိကိုယ်တိုင်လဲ သန့်ရှင်းသပ်ရပ်စွာနေထိုင်ရသလို မိမိနေထိုင်တဲ့အိမ်၊ ပတ်ဝန်းကျင်ကိုလဲ သန့်ရှင်းစွာထားခြင်းဖြင့် ရောဂါတွေမဖြစ်အောင် နေထိုင်ရမယ်နော်။ ဒါမှသာ ကိုယ့်မိသားစုတွေလဲ ကျန်းမာသန့်ရှင်း ရောဂါကင်းဝေးသလို ကိုယ်ရှာထားတဲ့ငွေလဲ အလဟဿမကုန်တော့ဘူးလေ။ ဒါကြောင့် ကလေးတို့လဲ စည်းကမ်းတကျ သန့်ရှင်းစွာနေထိုင်ခြင်းဖြင့် ကျန်းမာသန်စွမ်းတဲ့ လူငယ်မောင်မယ်တွေဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ကွယ်။

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)

နေမင်းနှင့် လမင်း

♦ နေမင်းကတော့ နေ့ဝန်တာ
ယူကာလင်းရောင်ဖြာ၊
လမင်းမှာ ညအခင်း
ထွန်းကာတောက်ပဝင်း။

♦ အဆင်းလှပ ဝန်တာကျေ
လှရက်ကြပါပေ၊
သူတို့တွေ ချိန်မှန်လင်း
ကောင်းကင်ထက်မှာထင်း။

ပြေအေးသက်



သစ်ပင်စိုက်ကြစို့

♦ တို့ကမ္ဘာကြီး လှဖို့ကွယ်
သစ်ပင်စိုက်ကြမယ်၊
မိုးဥတုဝယ် သစ်ပင်များ
စိုက်ပျိုးကြစို့လား။

♦ တစ်ယောက်တစ်အား ဝိုင်းကာကူ
သစ်ပင်များကိုယူ၊
စိတ်တူကိုယ်တူ သွေးချင်းတို့
သစ်ပင်စိုက်ကြစို့။
တို့ကမ္ဘာလေးလှပဖို့။ ။

ချစ်သက်(မြန်မာစာ)

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၃ ဒသမ ၄၆၃ သန်းရရှိခဲ့



နေပြည်တော် ရူလိုင် ၈

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ သုံးလတာကာလအတွင်းတွင် ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၃ ဒသမ ၄၆၃ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် ပဲမျိုးစုံကို ပြည်ပဖောက်သည်စေးကွက်နိုင်ငံများသို့ နှစ်စဉ်အပတ်စဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၈၄ ဒသမ ၄၉၇ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၉၆၆ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၃၃ ဒသမ ၄၆၃ သန်းဖိုးတင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

အဆိုပါကာလအတွင်း ပြည်ပဖောက်သည်စေးကွက်နိုင်ငံများသို့ ပဲမျိုးစုံတင်ပို့ရောင်းချပေးခဲ့ရာတွင် မတ်ပဲကို အများဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး ပဲတီစိမ်းကို ဒုတိယအများဆုံးနှင့် ပဲစင်းငုံကို တတိယအများဆုံး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၅၈၆ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၆၃၈ သန်းဖိုးဖြင့် အများဆုံးတင်ပို့ရောင်းချခဲ့ရပြီး ပဲတီစိမ်းကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၂၄၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၅၁ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၄ သန်းဖိုးဖြင့် ဒုတိယအများဆုံး တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့အတူ ပဲစင်းငုံပဲကိုလည်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၇၁၈ သန်းဖိုးဖြင့် တတိယအများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း၊ ပဲပုပ်စေ့ကို အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းဖိုးဖြင့် အနည်းဆုံးတင်ပို့ရောင်းချခဲ့ရပြီး အခြားပဲများကို အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၇၀၃ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

SKL

ဖောင်းပြင်မြို့နယ် ဆည်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဖောင်းပြင် ရူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး ဖော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ရူလိုင် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝေ၀င်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့် အညီ ချေးငွေရယူသည့်လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေ လေလွင့်မှုမရှိစေရေ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝေ၀င်းနှင့် စီမံကိန်းတာ၀နျခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အတူ ဆည်ချောင်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချစ်ဦးကို

ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၇-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၈၅	၂၀၃၅	၂၀၂၅	၁၉၉၅	၂၀၃၀	၂၀၅၅	၂၀၄၀	၂၀၁၅	၂၁၁၅	၂၁၃၀	၂၀၂၅	၂၀၃၅	၂၀၇၀	၂၀၇၀	၂၀၇၅	၂၃၀၀	၂၈၂၀
95 Ron	၂၁၀၅	၂၁၅၅	၂၁၅၀	၂၁၁၀	၂၁၅၀	၂၁၇၅	၂၁၆၀	၂၁၃၅	၂၂၃၅	၂၂၅၀	၂၁၄၅	၂၁၆၀	၂၁၉၀	၂၁၉၀	၂၁၉၀	၂၄၂၀	၂၉၂၀
HSD (500 ppm)	၂၀၁၀	၂၀၆၀	၂၀၆၀	၂၀၂၀	၂၀၆၀	၂၀၈၅	၂၀၈၀	၂၀၄၅	၂၁၆၅	၂၁၆၀	၂၀၅၀	၂၀၆၅	၂၀၉၅	၂၁၀၀	၂၁၀၀	၂၃၃၀	၂၉၂၀
HSD (50 ppm)	၂၀၉၀	၂၁၄၀	၂၁၄၀	၂၁၀၀	၂၁၄၀	၂၁၆၅	၂၁၆၀	၂၁၂၅	၂၂၄၅	၂၂၄၀	၂၁၃၀	၂၁၄၅	၂၁၇၅	၂၁၈၀	၂၁၈၀	၂၄၁၀	၂၉၈၀
HSD (10 ppm)	၂၀၉၀	၂၁၄၀	၂၁၄၀	၂၁၀၀	၂၁၄၀	၂၁၆၅	၂၁၆၀	၂၁၂၅	၂၂၄၅	၂၂၄၀	၂၁၃၀	၂၁၄၅	၂၁၇၅	၂၁၈၀	၂၁၈၀	၂၄၁၀	၂၉၈၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၈၂	၁၉၅၃
95 Ron	၁၉၉၈	၂၀၇၁
HSD (500 ppm)	၁၉၁၂	၁၉၈၀
HSD (50 ppm)	၁၉၈၆	၂၀၅၅
HSD (10 ppm)	၁၉၈၆	၂၀၅၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အမျှားသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက် အမှတ်(၃/၁၅)နန္ဒဝန်၊ ဦးပိုင်အမှတ်(၁၀၅/ခ)မြေဧရိယာ(၀.၀၇၈)ဧကရှိ အိမ်ပိုင်း မြေကွက်သည် ဒေါ်အမာလှ(မီနာမီ)ဖြင့် ဦးသိုင်းဝင်း(ဘ) ဦးထွေး မှ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပါသည်။ (၉-၁၂-၂၀၂၀)ရက်တွင် ဦးသိုင်းဝင်း ကွယ်လွန်ပြီးနောက်တွင် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ငွေးညွှန့် သည် မြေကွက်ပိုင်ဆိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ငွေးညွှန့် က အဆိုပါမြေကွက် (၁၀၅/ခ)အား အခြားသူတစ်ဦးဦးအား ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ပေးကမ်းခြင်း၊ လွှဲပြောင်းထားခြင်းမရှိပါ။ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်၍ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ မြေကွက်ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ငွေးညွှန့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်ဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်/၁၇၂၀၃)
လေးကျွန်းမြေရပ်၊စိန်ကုန်းရပ်ကွက်၊စစ်ကိုင်းမြို့။
ဖုန်း- ၀၉-၄၄၁၀၃၃၇၄၉

ဦးဝင်းအောင် အသက်(၅၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ပဒေသာမြို့သစ်၊ သီဝိလမ်းသွယ်(၇)၊ အမှတ်(AA ၁၄၂/၁၄၃)နေ (ဦးအေးမောင်-ဒေါ်ခင်ဝင်း)တို့၏သား၊ ဦးဝင်းနိုင် ၏ညီ၊ ဒေါ်မိမိနိုင်၊ မစုစန္ဒာထွန်း တို့၏အစ်ကို ဦးဝင်းအောင် အသက်(၅၈)နှစ် သည် (၈-၇-၂၀၂၃)ရက်၊စနေနေ့၊နံနက်(၉)နာရီ (၁၈)မိနစ်အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၄) နယ်မြေ၊ ဆင်လမ်းအုပ်စု၊ ရွာသာယာကျေးရွာနေ ဦးရဲထွန်း၏သမီးဖြစ်သူ မနန်းပွင့် (၉/ပဥလ(နိုင်)၀၈၅၇၃၃)သည် ဖခင်၏ဆိုဆုံးမမှုကို အကြိမ်ကြိမ်မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သမီးဖြစ်သူအား ယနေ့မှစ၍အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအ၀ဝကို လုံး၀(လုံး၀)တာ၀နေ်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးရဲထွန်း (၉/ကပတ(နိုင်)၂၈၉၆၀၃)

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထက်မြတ်သူ (ဘ)ဦးသိန်းရွှေ(၉/ပသက(နိုင်)၁၄၃၂၅၅)၊ ပုသိမ်ကြီးမြို့နယ်နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-545583) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၇၇၇၄၄၀၀

ပျောက်ဆုံးကြောင်း

တံတားဦးမြို့နယ်၊ သစ်တော်ဖျား(မ)ရွာနေ ဒေါ်မြသက် (ဘ) ဦးထွန်းမြင့် (၉/တတဥ(နိုင်)၁၅၂၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-310489) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၇၀၀၇၁၅၃

ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်ရေ မသင်းသင်းထွေ(ဘ)ဦးကြည်ခင်း (၉/တသန(နိုင်)(၂၀၃၅၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-692326)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၈၀၆၃၁၈

ပျောက်ဆုံးကြောင်း

မအုပင်မြို့နေ မောင်ရှိန်ထက်အောင် (ဘ) ဦးမြင့်အောင် (၁၄/ဓအပ(နိုင်)၂၇၆၈၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-591687)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၂၅၆၀၁၈၂

ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ကန်သာယာရပ်ကွက်နေ မောင်တင်လင်း(ဘ)ဦးကြည်လှ (၉/ဝတန(နိုင်)၁၁၁၆၆၁) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-936360) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၀၄၅၅၆၄၀၀

သင့်သွေးဖြင့် အသက်ကယ်ပါ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည်ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင်ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူပါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုဧကတိမနည်းစနစ်များဖြင့် ပိုမိုမြဲမြဲတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံမြဲမြဲတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးမြဲမြဲတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝမြဲမြဲတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ဒေတာမဲ့ဖြို့ပြီးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

မြန်မာနိုင်ငံမှ ဈေးကွက်ဝင်ပန်းမီးပုစွန်ဖြူကို တရုတ်နှင့် ဂျပန်နိုင်ငံတို့သို့တင်ပို့

ရန်ကုန် ရှလိုင် ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစု၌မွေးမြူထုတ်လုပ်ပြီး ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိလျက်ရှိသည့် ပနားမီးပုစွန်ဖြူကို တရုတ်နှင့်ဂျပန်နိုင်ငံတို့သို့တင်ပို့လျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပနားမီးပုစွန်ဖြူကို မြိတ်ကျွန်းစု၌ ၂၀၁၈ ခုနှစ်တွင် စီးပွားဖြစ်စတင်မွေးမြူခဲ့ပြီး ပင်လယ်ရေသန့်ရှင်းမှုကြောင့် ပုစွန်မွေးမြူမှုပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ခိုင်မာသောပြည်ပဈေးကွက်ရရှိပါက ယခုထက်ပိုမိုမွေးမြူရန် ရေလုပ်ငန်းရှင်များက အသင့်ရှိနေကြသည့်အပြင် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များကလည်း ပင်လယ်ပြင်တွင် ငါး၊ ပုစွန်ဖမ်းဆီးမှုထက် သုံးလမွေးမြူပါက ငွေပေါ်သော ပနားမီးပုစွန်ဖြူမွေးမြူမှုကို ပိုမိုစိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၄ ☆

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ တတိယအကြိမ် ပို့ဆောင်

စာမျက်နှာ - ၂၂

၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

စာမျက်နှာ - ၉

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၈-၇-၂၀၂၃)

ဘိုကလေး	၄ ဒသမ ၁၀ လက်မ	တမူး	၁ ဒသမ ၅၇ လက်မ
ပူတာအို	၂ ဒသမ ၂၈ လက်မ	စစ်တွေ	၁ ဒသမ ၄၂ လက်မ
ခန္တီး	၂ ဒသမ ၁၇ လက်မ	မိုင်းဆတ်	၁ ဒသမ ၁၈ လက်မ
		မောင်တော	၁ ဒသမ ၁၈ လက်မ